

Established in 30th June 1997
POPULAR
အတွဲ-၁၉၊
အမှတ်-၇
၂၄၊ ၂၊ ၂၀၁၅၊
အင်္ဂါနေ့
စာပေအနုပညာဂျာနယ်
ပေါ်ပြူလာ
စစ်ဘေးရှောင်ပြည်သူများနေရပ်ပြန်နိုင်ရေး
သေဆုံးသူများ၊ ဒဏ်ရာရသူများကိုလှူဒါန်းကူညီ
ပရဟိတလူမှုရေးအသင်းအဖွဲ့များ
စာမျက်နှာ-၉
ဒဏ်ရာရစစ်သည်များကို
သွားရောက်လှူဒါန်းခဲ့တဲ့
ထက်ထက်မိုးဦးမိသားစု
နောက်ကျောဖုံး
လေယာဉ်ထွက်နောက်ကျခဲ့ရပေမ
စစ်ဘေးရှောင်ပြည်သူများနဲ့လောက်ကို
စစ်ဆင်ရေးဒဏ်ရာရစစ်သည်များအတွ
အားပေးလှူဒါန်းတဲ့အနုပညာရှင်မျ
ဖခင်ဖြစ်သူရဲ့ဒွာမည့်နဲ့
သရုပ်ဆောင်ရတဲ့အတွက်
အမှတ်တရ
ဖြစ်ရတယ်ဆိုတဲ့
ပြေတီဦး
စာမျက်နှာ-၇
မြန်မာ – ထိုင်းပူးပေါင်းရိုက်ကူးမယ့်
ရုပ်ရှင်ကားအတွက်စိတ်လှုပ်ရှားနေတဲ့
ထိုင်းမင်းသမီး Ms.Chattarika Sittipron
စာမျက်နှာ-၇
ကြည့်မြင်တိုင်တစ်ပက်ကာပ်း
ပီးဘေးသင့်ပြည်သူများကို
သွားရောက်လှူဒါန်းခဲ့တဲ့
နန်းခင်ဇေယျာ
စာမျက်နှာ-၅
နေ့သည်အယ်ဒီတာဦးတင်ဦးလေး
မြန်မာ့ဂီတထူးချွန်ဆု
အထူးပြုအချပ်ပိုသတင်းလွှာ
ပရိသတ်နှင့်ဂီတသမားတို့
အပျော်ထပ်တူကျခဲ့တဲ့
၂၀၁၄ မြန်မာ့ဂီတဆုပေးပွဲ
စာမျက်နှာ-၁၈




၁၂ နာရီတိုင်တိုင်
လန်းဆန်းတဲ့
ခံတွင်းနံ့
အသစ်
closeup
DEEP ACTION
12 HOURS FRESH BREATH







မကြာမီမှာတက္ကသိုလ်ဝင် တန်းစာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး အနှံ့ဖြေဆို ကြရတော့မှာဖြစ်ပါတယ်။ ဒီစာမေးပွဲကို ဖြေဆိုကြမယ့် မောင်ငယ်၊ ညီမငယ်တွေအတွက် အလှမယ်ဂုဏ်ရည်အေးကျော်က သူ့ရဲ့ ဖေ့စ်ဘုတ်က တစ်ဆင့်အားပေးစကားရေးသားထားတာမို့ ပေါ်ပြူလာစာဖတ်ပရိသတ်တွေအတွက် ဖော်ပြလိုက်ပါတယ်။ "မောင်လေးညီမလေးတို့ရေ ဆယ်တန်းစာမေးပွဲကြီးလည်း နီးကပ်လာနေပြီနော်၊ သင်ရိုးတွေလည်း တော်တော်များများပြီးဆုံးကြလို့ Revision ကာလကိုရောက်ရောပေါ့။ ဆယ်တန်းစာမေးပွဲဆိုတာ ဘဝမှာ ကိုယ်ဘယ်သူပါဆိုတဲ့ ပုံရိပ်ကို သတ်မှတ်ဆုံးဖြတ်ပေးတဲ့ စာမေးပွဲတစ်ရပ်လို့ ပြောရင်လည်းရလို့ အစ်မအနေနဲ့ ဒီကာလလေးမှာ မပေါ့ဆဘဲ သေသေချာချာလေးကြိုးစားစေချင်ပါတယ်။ မောင်လေးညီမလေးတို့ တစ်ချိန်မှာ ကိုယ့်ကိုယ်ကိုယ် ဦးဘယ်သူ၊ ဒေါ်ဘယ်သူအနေနဲ့ မြင်ယောင်ချင်လဲ၊ ပတ်ဝန်းကျင်က ကိုယ့်ကို ဘယ်လိုပြုမူဆက်ဆံတာကို ကြိုက်လဲ၊ အနာဂတ်မှာဖြစ်လာမယ့် ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဘေးဖယ်လို့ အောင်စာရင်းထွက်ရင်ပဲ ကြေ့ရုရပါပြီ။ ဘယ်သူက D ဘယ်နှခု၊ ဘယ်သူက မိုးမိုးအောင်၊ ဘယ်သူကတော့ All D ဆိုတာတွေကြားမှာ ကိုယ်က ကိုယ့်ဘဝရဲ့ ပထမဆုံး စာမျက်နှာအဖွင့်မှာ ဒီဆယ်တန်းဆိုတဲ့ အတားအဆီးကြီးတစ်ခုကို ကိုယ်ဘယ်လိုအနိုင်ယူပြမှာလဲ၊ ကျရှုံးပြီး နောက်နှစ် junior တွေကြားမှာ "ရှက်ပါဘူး၊ ဟီးဟီး"ဆိုပြီး ပြန်တက်မှာလား၊ မိုးမိုးအောင်ရုံနဲ့ ကျေနပ်မှာလား၊ Distinction ဆိုတဲ့ သူများတကာထက် ထူးချွန်မှုတွေနဲ့ အနိုင်ယူမှာလား၊ တွေးကြည့်ရုံနဲ့ ၁။ ကြော်သူကျတယ်၊ မအောင်ရှာဘူးဆိုတဲ့ သနားစရာသတ္တဝါလေးတစ်ကောင်လို ကြည့်နေမယ့်အကြည့်တွေ၊ အဲဒီလိုအကြည့်တွေ မေးမြန်းမှုတွေ ဒဏ်ကို မခံနိုင်လို့ အိမ်တွင်းပုန်းနေရမယ့်အဖြစ်။

၂။ အောင်လား၊ အင်းအောင်တယ်ဆိုပြီး ဆက်ပြောစရာ စကားမရှိမယ့်အဖြစ်။

၃။ အောင်တယ်၊ D ဘယ်နှခု လေ၊ ဘယ်ဘာသာတွေလေ၊ ဒါမှမဟုတ် All D လေ။ ဘယ်နံပါတ်ကိုများကြိုက်နှစ်သက်ပါသလဲ။

ခေါင်းမော့ရင်ကော့ပြီး ပြန်ဖြေလို့ရမယ့် နံပါတ်၃ပဲ ဖြစ်စေချင်ပါတယ်။ မောင်လေး၊ ညီမလေးတို့ရယ် အနည်းဆုံး 1D ပဲဖြစ်ဖြစ်ပေါ့။ မီပါသေးတယ်။ စာမေးပွဲကြီးက March လ၁၁ရက်နေ့ဆိုတော့ အခုက တွက်ရင် တစ်ဘာသာကို ၄ရက်ကျော် ၅ရက်နီးပါး အချိန်ရပါတယ်။ ကိုယ်မပိုင်သေးတဲ့ ဘာသာကို ပိုအားထည့်ပေးပေါ့။ အစ်မတို့မြန်မာပြည်ရဲ့ ပညာရေးစနစ်အရ တက္ကသိုလ်ဝင်ခွင့်တွေကို ဒီစာမေးပွဲက ရတဲ့အမှတ်တွေနဲ့ပဲ ရွေးချယ်ဆုံးဖြတ်တာဆိုတော့ ကိုယ့်ဘက်က အမှတ်များများရထားလေ ရွေးချယ်ခွင့်များလေပါပဲ။

စာမျက်နှာ(၁၀)သို့...

# ပရိသတ်က ဖန်တီးခိုင်းတဲ့ အရာတစ်ခုကို ဖန်တီးပေးချင်တယ်လို့ပြောတဲ့ နေတိုး



နေတိုးအနေနဲ့ အနုပညာသက်တမ်း ၁၆ နှစ်ရှိလာပြီဖြစ်တာကြောင့် ဇာတ်လမ်း၊ ဇာတ်ရုပ်အစုံကို ရိုက်ကူးပြီးစီးခဲ့ပြီလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပရိသတ်ပေးတဲ့ ဇာတ်လမ်းများဆိုပြီး ဇာတ်ကားတွေ ရိုက်ကူးခဲ့ပြီးဖြစ်သလို ဆက်လက်ထွက်ရှိမယ့်ကားတွေလည်း ရှိနေပါသေးတယ်လို့ နေတိုးက ပြောပါတယ်။

"အဲဒါက ဘာလဲဆိုရင် ပရိ သတ်ဆီကနေ ကျွန်တော်တို့အနု ပညာရှင်တွေက ဖန်တီးတဲ့အရာကိုပဲ ပရိသတ်က ကြည့်ခွင့်ရကြတယ်။ ဒီအတွက် ပရိသတ်က အနုပညာရှင်ကို ဖန်တီးခိုင်းတဲ့အရာပေါ့။ ပရိသတ် ဖန်တီးပေးခိုင်းတဲ့အရာကို အကောင်းဆုံးဖန်တီးပေးချင်ပါတယ်။ ဒီလိုဖန်တီးပေးလိုက်သောအားဖြင့် ပရိသတ်အတွက် ပိုပြီးအမှတ်တရဖြစ်သွားသလို ကျွန်တော်တို့ကလည်း အနုပညာကိုပေးဆပ်တဲ့ အချိန်မှာ ပရိသတ်လိုချင်တဲ့ ကာရိုက်တာ၊ ဇာတ်လမ်းပုံစံတွေကို ရွေးချယ်စရာမလိုဘဲ ဒီကဏ္ဍလေးမှာ အလိုလိုဖြည့်ဆည်းရာရောက်တယ်လို့ ကျွန်တော်ယူဆတာကြောင့်ပါ" လို့ နေတိုးက ပြောပါတယ်။ ပရိသတ်ကပေးတဲ့ ဝတ္ထုတွေကို ၂၀၁၅ ခုနှစ် ထဲမှာပဲ ၄ကားရိုက်ဖို့ စီစဉ်ထားတယ်လို့လည်း ပြောပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးလည်း"အခုက လေးကားရိုက်ပြီးသွားပါပြီ။ နောက်ဆုံးတစ်ကားပဲကျန်တော့တယ်။ ဒါပေမဲ့ ပရိသတ်တွေက နောက်ထပ်ပေးချင်ရင်၊ ရိုက်စေချင်ရင် ထပ်ရိုက်မှာပါ။ ဒီအတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်။ ကျွန် တော့်ဆီ ဝတ္ထုတွေပို့ပေးနိုင်သလို အိမ်ကိုလည်း လိပ်မူပြီးပို့ပေးနိုင်ပါတယ်"လို့ နေတိုးကပြောပါတယ်။ ပြီးတော့ သူချစ်တဲ့ ပရိသတ်ကို ကံစမ်းမဲဖောက်ပြီး သူဝတ်ဆင်ထားတဲ့ အင်္ကျီကို ကိုယ်တိုင်ဝတ်ဆင်ပေးခဲ့ပါသေးတယ်။ အဲဒီအတွက်လည်း"ဒါကလည်း ထူးခြားတဲ့အမှတ်တရတစ်ခုပါ။ အင်္ကျီမှာ ကိုးဂဏန်းတွေချည်းပါပဲ။ ကျွန်တော့်အတွက် အဲဒီအင်္ကျီကထူးခြားပါတယ်။ အမှတ် တရလည်းရှိပါတယ်။ ရသွားတဲ့သူက သူ့အတွက် မမေ့နိုင်တဲ့အမှတ်တရ တစ်ခု ဖြစ်သွားစေသလို ကျွန်တော့် အတွက်လည်း ပျော်ရွှင်စရာတွေနဲ့ အတူ ကြည်နူးပီတိဖြစ်ရပါတယ်"လို့ လည်း ပြောပါတယ်။

M ဘွယ်
ဓာတ်ပုံ-အောင်ဇော်မင်း






## Miss Golden Land Myanmar 2015 ပြိုင်ပွဲအတွက် လျှောက်လွှာများခေါ်ယူ

Miss Golden Land Myanmar 2015 ပြိုင်ပွဲကြီးကို ဧပြီ လမှာ ကျင်းပသွားတော့မှာဖြစ်ကြောင်း သိရပါတယ်။ Miss Golden Land Myanmar Organization ကနေ Miss Earth Myanmar 2015၊ Miss Supranational Myanmar 2015၊ Miss Intercontinental Myanmar 2015၊ Miss Tourism Myanmar 2015၊ Face of Beauty Myanmar 2015 အလှ မယ်ရွေးချယ်ပြိုင်ပွဲကြီး ပြုလုပ်သွားမည့် အစီအစဉ်များနဲ့ ပတ်သက်ပြီး Miss Golden Land Myanmar မှ CEO ကိုဝေယံအောင်က "ပြိုင်ပွဲက ဧပြီလ သင်္ကြန်ပြီးတာနဲ့ အကြိုပဏာမ ပြိုင်ပွဲတွေစမယ်။ မေလ စတုတ္ထပတ်မှာတော့ ဖိုင်နယ် ပြိုင်ပွဲ ကျင်းပမှာဖြစ်ပါတယ်။ လျှောက်လွှာတွေကိုတော့ မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထားပေးပို့ ရမှာဖြစ်ပါတယ်။ Organization ကို လာရောက်ထုတ်ယူနိုင်သလို Facebook Official တွေကလည်း Download ဆွဲပြီး Print ထုတ်ပြီးတော့ စာတိုက်ကနေတစ်ဆင့်၊ လူကိုယ်တိုင်ပဲဖြစ်ဖြစ်လာပို့လို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ဂုဏ်ဆောင်အလှမယ်တွေကို ရွေး ချယ်ပြီးတော့ သူတို့အတွက် လိုအပ်တဲ့သင်ကြားမှုတွေကို အချိန်ရရင်ရသလောက် သင်ကြားပေးမယ်။ မနှစ်ကလည်း နိုင်ငံတကာက ပညာ ရှင်တွေခေါ်ယူပြီး လေ့ကျင့်နိုင်ခဲ့ တယ်။ အခုနှစ်မှာလည်း မနှစ်ကထက် အချိန်ပိုရတယ်။ နိုင်ငံ့ဂုဏ် ဆောင်အလှမယ်အဖြစ် ဝင်ရောက် ယှဉ်ပြိုင်ချင်တဲ့ မည်သူမဆို လာရောက်လျှောက်ထားနိုင်ပါတယ်။ မြန်မာအမျိုးသမီးတိုင်း ဝင်ရောက် လျှောက်ထားနိုင်ပါတယ်"လို့ ပြောပြခဲ့ပါတယ်။ ပြိုင်ပွဲဝင်လျှောက်လွှာများ ကို Official Facebook စာမျက်နှာများမှ Download ရယူနိုင်သလို Miss Golden Land Myanmar Organization ကို လာရောက်ထုတ်ယူ လျှောက်ထားနိုင်ပြီး မတ်လ ၂၅ ရက်နေ့ နောက်ဆုံးထား ပေးပို့ရမှာဖြစ်ပါတယ်။

သိုင်းသိုင်း



## သင်္ကြန်ကာလမှာ မြူးကြွစေဖို့ထွက်ရှိလာတဲ့ သားစိုးရဲ့ အာလူးသာကူး နှာဗူးဂန်ဒူး စီးရီးသစ်



သီအိုရီစိုးရိန်နဲ့ ဂီတလောကကို စတင်ဝင်ရောက်ခဲ့ပြီး ရောသမမွှေ Remix သီချင်းများနဲ့လည်း အောင်မြင်ခဲ့တဲ့ သားစိုးက ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာတော့ အာလူးသာကူး နှာဗူးဂန်ဒူးဆိုတဲ့ စီးရီးသစ်ကို ထွက် ရှိလာပြီဖြစ်ပါတယ်။ electro remix နဲ့ Hip Hop ပုံစံများ ပေါင်းစပ်ထားတဲ့ 'အာလူး သာကူး နှာဗူး ဂန်ဒူး' စီးရီးမှာတော့ သီချင်းသစ် ၁၆ပုဒ်ပါဝင်မှာဖြစ်ပြီး အားလုံး သီချင်းအသစ်တွေပဲ ဖြစ်တယ်လို့ သိရပါတယ်။ ''သီချင်းပုံစံတွေက အရင်တုန်းက လုပ်ခဲ့တဲ့ ဟစ်ဟော့ပ် ပုံစံတွေရော၊ ဒီဘက်ပိုင်းက ရောသမမွှေတို့ လို သီချင်းပုံစံတွေရောပါတယ်။ အဲ့ဒီလို အစုံထည့် ချင်တာနဲ့ သီချင်း က ၁၆ ပုဒ်ဖြစ်သွားတာ။ ပရိသတ် တွေဘက်က စောင့်နေရတာကြာပြီဆိုတော့ သီချင်းပုဒ်ရေများများနဲ့ စောင့်ရကျိုးနပ်အောင်လုပ်ပေးထား ပါတယ်'' လို့ သားစိုးက ပြောပါတယ်။ သားစိုးရဲ့ စီးရီးသစ်မှာတော့ Featuring အဆိုရှင်များအဖြစ် မေရှင်၊ဘာဘူဖြိုးကြီး၊ ချမ်းချမ်း၊ Lဆိုင်းဇီ၊ အိမ့်ချစ်၊နဒီဝင့်နိုင်၊ဇင်သူမိုး၊ ဆိုင်းညီရဲ့ရုံ့ရှာစားလေး ထက်အောင် အဖွဲ့ စသဖြင့်များစွာ ပါဝင်ပြီး အလျှမ်ဂလာ၊ ဒိုးသီ ချင်းများကို electro remix ပြန်လည် ပြုလုပ်ပြီး ဖန်တီးထား တယ်လို့လည်း သိရပါတယ်။ ဒီနှစ် သင်္ကြန်နား အနီးမှာ ထွက်ရှိထားတဲ့ သားစိုးရဲ့ 'အာလူး သာကူး နှာဗူးဂန်ဒူး' စီးရီးကတော့ သင်္ကြန်ကာလ အတွက် လည်း ရည်ရွယ်တဲ့ သီချင်း တွေ ဖြစ်ကြောင်းလည်း သိရပါတယ်။

## ကြည့်မြင်တိုင်တစ်ဖက်ကမ်းအေးရွာဘုံညွှန့်ရပ်ကွက်မှမီးဘေးသင့်ပြည်သူများကို အစားအစာနှင့်ခြုံစောင်များသွားရောက်လှူဒါန်းခဲ့တဲ့နန်းခင်ဇေယျာ



ဖေဖော်ဝါရီ ၁၆ရက်နေ့ညက ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ အေးရွာပဒုံးညွှန့်ရပ်ကွက်မှာ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်တဲ့ မိဘပြည်သူများအတွက် လိုအပ်မယ့် အစားအစာ ခေါက်ဆွဲထုပ် အထုပ် ၃၀၀၊ ပေါင်မုန့် အထုပ် ၁၀၀၊ Mac Coffee အထုပ် ၁၈၀၀နဲ့ ခြုံစောင် အထည် ၁၀၀တို့ကို ဖေဖော်ဝါရီ ၁၉ ရက်နေ့ မနက်ပိုင်းက နန်းခင်ဇေယျာ ကိုယ်တိုင် သွားရောက်လှူဒါန်းခဲ့ပါတယ်။ ခုလို မီးဘေးသင့်လို့ အိုးမဲ့အိမ်မဲ့ဖြစ်ကြရတဲ့ မိဘပြည်သူများ အတွက် သွားရောက်လှူဒါန်းခဲ့ပုံကို နန်းခင်ဇေယျာက“မီးလောင်မှုဖြစ်ပွားတဲ့နေရာမှာ အိမ်ခြေပေါင်း ၂၄၀ကျော် လောက်ကို အားလုံးဝေငှစွာ လှူဒါန်းနိုင်ခဲ့ပါတယ်။ နန်းခင်လှူဒါန်းတဲ့ ပစ္စည်းတွေက ဒီအချိန်မှာသူတို့အတွက် အလိုအပ်ဆုံး လို့ထင်မိပါတယ်။ဒါတွေက နန်းခင် တစ်ယောက်တည်းရဲ့ အလှူဒါနမဟုတ်ပါဘူး။ နန်းခင်ကိုချစ်တဲ့ ပရိသတ်ကြီးတွေရဲ့ အနုပညာငွေကြေးတွေနဲ့ လှူတဲ့ အလှူဒါနလည်းဖြစ်ပါတယ်။ အဲဒီနေရာကိုသွား လှူဒါန်းတဲ့သူတွေက များပါတယ်။ အဲဒီအတွက် နန်းခင် တစ်ဦးချင်းစီကို အားပေးစကား၊ နှစ်သိမ့်စကားတွေတောင် မပြောဖြစ်ခဲ့ပါဘူး။ နန်းခင် အားပေးစကားတွေ ပြောချင်ခဲ့တယ်။ လာရောက်လှူဒါန်းတဲ့လူတွေများနေတော့ သူတို့အတွက်ရော နန်းခင်အတွက်ပါ အချိန်မရခဲ့ဘူးလေ။ ခုလိုကိုယ်တိုင် သွားရောက်လှူဒါန်းတော့ နန်းခင်တွေးမိခဲ့တယ်။ မီးဘေးရေဘေး၊ လေဘေးကြောင့် ကိုယ်ကြိုးစားပြီး ရှာထားရတဲ့ ပစ္စည်းဥစ္စာတွေက ခဏလေးနဲ့ ပျက်စီးလွယ်တယ်။ အိုးအိမ်တွေကအစ ပျက်စီးဆုံးရှုံးရတယ်လေ။ အဲဒီအတွက် ကိုယ့်ဘဝအတွက် ပညာကိုသာ ကြိုးစားရှာဖွေသင့်တယ်လို့ တွေးခဲ့မိတယ်။မပျက်စီးလွယ်တဲ့ အရာတွေကိုစုဆောင်းသင့်တယ်လို့ထင်မိတယ်။ ခုလို လိုအပ်တဲ့နေရာမှာ လှူဒါန်းခဲ့ရတဲ့အတွက်ဝမ်းသာမိတယ်။ မီးဘေးသင့် ပြည်သူတွေလည်းဝမ်းသာကြည်နူး နေတာကိုတွေ့ခဲ့ရတဲ့အတွက် နန်းခင် ကျေနပ်ပါတယ်”လို့ ပြောပါတယ်။

ဇင်မာနွယ်

## ကိုရီးယားနိုင်ငံမှာပြုလုပ်မယ့် ဘူဆန် ရုပ်ရှင်ပွဲတော် တက်ရောက်မယ့် ထွန်းကိုကို



Asia New Star Model Award ဆုရရှိထားသူ မော်ဒယ်သရုပ်ဆောင် ထွန်းကိုကိုက ပရဟိတလုပ်ငန်းတွေမှာလည်း ပါဝင်ကူညီသူ တစ်ဦးဖြစ်ပါတယ်။ ထွန်းကိုကို က အခုလတ်တလောမှာ သူ့ရဲ့စာချုပ် တိုက်နဲ့ အပြင် တခြားဗီဒီယိုထုတ်လုပ် ရေးတိုက်တွေနဲ့ လည်း ရိုက်ကူးရေး တွေလုပ်တော့မှာဖြစ်ကြောင်း ပြောပါတယ်။ “သီချင်းကတော့ အခုတလော နယ်ဘက်တွေမှာ သွားဆိုဖြစ်တယ်။ စတားတို့ရဲ့ သင်္ကြန် (၂) အခွေမှာလည်း သီချင်းဆိုထားပါတယ်။ အနုပညာရှင်တွေ အများကြီး ပါဝင်တယ်။ သင်္ကြန်မတိုင်ခင် အမြန်ဆုံးထွက်မှာဆိုတော့ ကျွန်တော်တို့ ရိုက်ကူးမှု တွေလည်း လုပ်ပြီးပြီ။ ဗီဒီယိုကတော့ နောက်လမှာ အပြင်တိုက်နဲ့ ရိုက်ဖြစ်ဖို့များတယ်။ ကျွန်တော့် တိုက်နဲ့တော့ လောလောဆယ် မရိုက်ဖြစ်သေးဘူး။ အပြင် တိုက်နဲ့ ရိုက်ခွင့်ရပြီဆိုတော့ အပြင်တိုက်တွေနဲ့ ချိတ်ဆက်ပြီး ရိုက်ကူးရေး တွေလုပ်နေပါတယ်။ နောက်လရိုက်မယ့်ကား က ဇာတ် ညွှန်းတော့မရသေးဘူး။ ကျွန်တော် သရုပ်ဆောင်ပညာကို လည်း အများကြီးလိုအပ်ပါသေးတယ်” လို့ ပြောပြ ခဲ့ပါတယ်။ ထွန်းကိုကိုအနေနဲ့ ဧပြီလ ထဲမှာတော့ ကိုရီးယားနိုင်ငံမှာပြုလုပ်မယ့် ဘူဆန်ရုပ်ရှင်ပွဲတော်နဲ့ Asia New Star Model ပြိုင်ပွဲကို သွား တက်ရမှာဖြစ်ပြီးပွဲအတွက် မြန်မာဝတ်စုံကို အဓိကထားပြီးပြင် ဆင်ထားတယ်လို့ ပြောပြပါတယ်။ ■







# ချစ်သူသက်တမ်း ၅နှစ်မှာ ရွှေလက်တွဲကြတဲ့ ကိုသိန်းထိုက်အောင် နဲ့ မော်ဒယ်သရုပ်ဆောင်ခင်နန်းထိုက်

ကိုသိန်းထိုက်အောင်နဲ့ မော်ဒယ်သရုပ်ဆောင် ခင်နန်းထိုက်တို့ ရဲ့ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၂ရက်နေ့က ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မှာ ပြုလုပ်ခဲ့ပါတယ်။ မင်္ဂလာဆွမ်း ကျွေးအလှူကိုတော့ ဖေဖော်ဝါရီ ၁၇ ရက်နေ့က မဟာစည်သာသနာ့ရိပ် သာမှာ ပြုလုပ်ခဲ့ပြီး မင်္ဂလာညစာစားပွဲကိုတော့ မတ်လ၁ရက်နေ့ ဆီဒိုးနားဟိုတယ်မှာ ပြုလုပ်မှာဖြစ်ကြောင်း ခင်နန်းထိုက်က ပြောပါတယ်။ ချစ်သူသက်တမ်း ၅နှစ်မှာ လက်ထပ်ခဲ့





ခြင်းဖြစ်ကြောင်းကို ခင်နန်းထိုက်က "ချစ်သူသက်တမ်းက ဒီနှစ်ချစ်သူများနေ့မှာ ၅နှစ် ပြည့်ပါပြီ။ သူငယ်ချင်း တစ်ယောက်မွေးနေ့မှာ စတွေ့တာပါ။ ချစ်သူသက်တမ်းလည်းကြာပြီ ဆိုတော့ တစ်ယောက်စိတ်လည်း တစ်ယောက်နားလည်နေပြီ။ သူဘာ ကြိုက်လဲ၊ ဘာမကြိုက်လဲ သိနေပြီဆိုတော့ ထွေထွေထူးထူး ညှိစရာလည်း မလိုဘူးပေါ့။ နောက်ပိုင်းတော့ ခင် နန်းအနေနဲ့ အနုပညာဘက်မှာ နည်း နည်းတော့ အားနည်းသွားမှာပေါ့။ စီးပွားရေးဘက်ကိုပဲ ဇောက်ချပြီး လုပ်သွားမှာပါ"လို့ ပြောပါတယ်။

နိုင်စေသွင်

# မတ်လထဲမှာ စူပါစတား အမ်တီဗီထွက်မယ့် ထွန်းထွန်း(Examplez)



ဂီတ်ကားတွေ ပြန်လည်ရိုက်ကူးနေပြီဖြစ်တဲ့ ထွန်းထွန်းက သူ့အနေနဲ့ အသက်အရွယ်နဲ့လိုက်ဖက်မှုရှိတဲ့ ဇာတ်ရုပ်တွေဆိုရင် ရိုက်ရတာအားရကျေနပ်မှုရှိတယ်လို့ ပြောပါတယ်။"ကျွန်တော် အခုရိုက်နေတဲ့ အီဖေကိုယ်တို့ရွှေကောက်ပွဲ ဇာတ်ကားလေးမှာလည်း ကောင်မလေးအချစ်ကိုရယူဖို့အတွက် အပြိုင်ကြိုးစားရတဲ့ ဇာတ်ရုပ်လေးပါပဲ။ ကျွန်တော့်ကာရိုက်တာနဲ့ လိုက်ဖက်တယ်ထင်ပြီး လာရောက်အပ်နှံတာဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ ဟာသဇာတ်ရုပ်တွေလာငှားတာလည်းများပါတယ်။ ဒီအသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ကာရိုက်တာတစ်ခုကို သရုပ်ဆောင်ရတာကိုလည်း ကျေနပ်ပါတယ်။ ကိုယ်ဟာသလုပ်လိုက်လို့ ပရိသတ်တွေက ကြည့်ပြီးပျော်တယ်၊ ရယ်ရတယ်ဆိုရင်ပဲ လုပ်ရတာ အားတစ်ခုဖြစ်စေပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားသွားမှာပါ"လို့ထွန်းထွန်းကပြောပါတယ်။ ထွန်းထွန်းက 'စူပါစတား' အမ်တီဗီ အခွေလေးကို မတ်လမှာထွက်ရှိနိုင်အောင် ကြိုးစားနေပြီး နောက်ပိုင်းမှာတော့ သရုပ်ဆောင်ဘက်ကိုပဲ ဦးစားပေးပြီး လုပ်သွားမယ်လို့လည်း ဆိုပါတယ်။

''ကျွန်တော် နောက်ပိုင်းမှာလည်း ဇာတ်ကားတွေ တောက်လျှောက်ရိုက်သွားဖို့ စီစဉ်ထားပါတယ်။ သေချာတာတစ်ခုကတော့ ရုပ်ရှင်ရိုက်ကူးရေးဘက်ကို ပြန်လုပ်တဲ့အခါ ဂီတဘက်ကို လုံးဝပြန်ပြီး မလှည့်နိုင်တော့ပါဘူး။ နှစ်ခုစလုံး ပြိုင်တူလုပ်ရင် အဆင်မပြေလို့ပါ။ အခုလာမယ့် မတ်လမှာ ကျွန်တော့် ရဲ့ 'စူပါစတား' အမ်တီဗီထွက်ပါမယ်။ အဲဒီအခါကျရင်လည်း ပရိသတ်တွေက အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ စူပါစတားထဲမှာက ကျွန်တော် အများဆုံးသရုပ်ဆောင်မယ်။ ပြီးတော့ နှင်းဆီအဖွဲ့က အစ်ကိုတွေပါမယ်။ Examplez အဖွဲ့ ပြန်ပါမယ်။ တခြားသရုပ်ဆောင်တွေလည်းပါ မယ်။ ဒီအမ်တီဗီအခွေ လေးပြီးရင်တော့ကားရိုက်ပဲ ဆက်တိုက်ရိုက်သွားမယ်။ ကျွန်တော် ၂၀၀၉ ခုနှစ် ကတည်းက ကားမရိုက်ဖြစ်တာပါ။ ဒီကြားထဲမှာ ရုပ်ရှင်ကားကြီးတွေပဲ ရိုက်ဖြစ်တယ်။ ဗီဒီယို လုံးဝမရိုက်ဖြစ်ဘူး။ သီချင်းတွေလည်း ဆိုလိုက်၊ မဆိုလိုက်နဲ့ နေဖြစ်ခဲ့တယ်။ ၂၀၁၅ ထဲမှာ ရုပ်ရှင် ရိုက်ကူးရေးတွေကို သေချာပြန်လုပ် ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုကက ကိုယ်လုပ်ချင် တဲ့အရာက ဘာလဲဆို တာကို သိသွားတာလည်း ပါပါတယ်။ ရုပ်ရှင်ဇာတ်ကားကြီး နှစ်ကား ထပ်ရိုက်ဖို့လည်း လက်ခံထားပါတယ်။ သင်္ကြန်အပြီးတစ်ကား၊ မေလထဲမှာ တစ်ကား ရိုက်ဖို့ စီစဉ် ထားပါတယ်" လို့ ထွန်းထွန်းက ပြောပါတယ်။

ယွန်းယွန်းထွန်း
ဓာတ်ပုံ- အောင်ဇော်ဝင်း

# ပရိသတ်တွေ စိတ်ဝင်စားစေဦးမယ့် ရန်ကုန်တာယာ ကြော်ငြာရိုက်ကွင်း

ဒါရိုက်တာဝေဠုက ရန်ကုန် တာယာ ကြော်ငြာကို ပြေတီဦး၊ အရိုင်း၊ ငှက်ပျောကြော်၊ ဂျွန်လွင် အေဂျင်စီမှ မော်ဒယ်များ၊ မင်းမင်းထွန်းရဲ့ Life & Dance အဖွဲ့များနဲ့အတူ ယုဇနပလာဇာ ကားပါကင်မှာ ရိုက်ကူးနေပါတယ်။ ကြော်ငြာရဲ့ Product အရည်အသွေး ကောင်း မွန်ကြောင်းကို မိနစ်အနည်းငယ် အတွင်း သိသာစေရန် အဆိုအကများနဲ့ ပရိသတ်တွေ သဘောကျနှစ်သက်အောင် စနစ်တကျနဲ့ အပိုအလိုမရှိအောင် ရိုက် ကူးနေတာကို တွေ့ရပါတယ်။ ဒီ ကြော်ငြာလေးကို အရင်ထက် အောင် မြင်အောင် ကြိုးစားရိုက်ကူးထားပုံနဲ့ပတ်သက်ပြီးတော့ ဒါရိုက်တာ ဝေဠုက. .

"ဒီ Product ရဲ့ အရည်အသွေး ကိုသိအောင် သူတို့ ဒီတာယာထဲမှာ စတီးကိုဘယ်လိုထည့်ထားတယ် ဆိုတာကိုလည်းသိအောင် စက်ရုံတွေ မှာသွားရိုက်တယ်။ စတီးကို ဘယ်လို အမှန် အကန် ထည့် တယ် ဆို တာတွေ ကို ကြော်ငြာထဲမှာ ပြသသွားမယ်။ စကားပြောကွက်တွေနဲ့ ထည့်ပြောသွားမယ်။ အခုရိုက်တဲ့ အခါမှာလည်း သူ့ရဲ့ Target က Taxiတို့၊ ဟိုင်းလတ်တို့ အဲဒီကားတွေမှာ သုံး ချင်တယ်ဆိုတော့ Taxiဆယ်စီးလောက်ကို စပြီးတော့ စတစ်ကာ ကပ်ချင်တယ်ဆိုတော့ ကျွန်တော် စပြီးတော့ ဒီဇိုင်းထုတ်ပေးတယ်။ သူတို့ကလည်း ကြိုက်ကြတယ်။ ရန်ကုန်တာယာ ပထမကြော်ငြာ တုန်းကလည်း အောင်မြင်ခဲ့ပါတယ်။ အခုတစ်ခါမှာလည်း အရင်ထက် ပိုအောင်မြင်အောင် ကြိုးစားထားပါတယ်။ အခုကြော်ငြာလေးက ရိုက်ရတာလည်း တအားအဆင်ပြေပါတယ်။ ကျွန်တော်မျှော်မှန်းထားတာထက် ပို ကောင်းတယ်။ ဒီကြော်ငြာလေး ကောင်းဖို့အတွက်ဆိုတာက အားလုံး ရဲ့ကြိုးစားမှုကြောင့်ပါ။ ဒီကြော်ငြာ သီချင်းစပ်ပုံကအစ ဘာပုံဖော်ရင် ကောင်းမယ်ဆိုတာကို ပိုင်ရှင်ကပါ ပါဝင် အကြံဉာဏ်ပေးတယ်။ အနုပညာသမားတွေရော၊ စီးပွားရေးလုပ်ငန်းရှင်ကပါ စိတ်ဝင်စားပြီးတော့ လုပ်ကြတယ်။ အဲဒါကြောင့် ဒီကြော် ငြာလေးက အားလုံးစုပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဖန်တီး ထားပါတယ်" လို့ ပြောပါတယ်။ အဲဒီနောက် ကြော်ငြာမှာ ပါဝင်ရိုက်ကူး ခဲ့တဲ့ ပြေတီဦးကလည်း. .

"ဒီနေ့က ရန်ကုန်ကားတာယာ ကြော်ငြာလေးပါ။ သီချင်းအပေါ်မှာ မူတည်ပြီး ဒီကြော်ငြာ လေးကို ကြည့် လိုက်တာနဲ့ ပရိသတ်တွေ မှတ်မှတ် ထင်ထင်ဖြစ်သွားအောင်လုပ်ပြရတာ။ ရုပ်ရှင်ရိုက်တာနဲ့တော့ မတူဘူး။ အာ လုံးက ခက်တာချည်းပဲ။ အစ်ကိုက သီချင်းတေ ကို သိပ်မရင်း နှီးဘူးလေ။ နားသာနားထော တာ။ ကြော်ငြာကလည်း များသောအား ဖြ သီချင်းပေါ်မှာပဲ မူတည်ပြီးသွား ရတာဆိုတော့ ကြော်ငြာရိုက်ပြီဆို အစ်ကိုက ပိုပြီးအားထုတ်ရတယ်။ ကိုယ်သရုပ်ဆောင်တာနဲ့ ကိုယ် ကြော်ငြာလိုက်တဲ့ Brand တစ်ခု ပရိ သတ်ရဲ့ သွားအောင်လို့ လုပ်ရတယ်" လို့ ကြော်ငြာရိုက်ကွင်းနဲ့ပတ်သက်ပြီး ပြောပြပါတယ်။

လွှင်လွှင်ထွန်း၊ သိမ့်သိမ့်
ဓာတ်ပုံ-အောင်ဇော်မင်း






## သုံးလကြာနားထားတဲ့ဇာတ်ကားရိုက်ကူးမှုကို ပြန်လည်စတင်တော့မှာဖြစ်တဲ့

# နန်းမြတ်ဖြိုးသင်း

သူငယ်ချင်း နန်းသူဇာနဲ့အတူ Friend စီးရီး ဒီဗီဒီအောင်မြင်စွာ ထွက်ရှိနိုင်ဖို့အတွက် ဂီတဘက်ကို အချိန်ပေးပြီးလုပ်ဖြစ်ခဲ့သူ နန်းမြတ်ဖြိုးသင်းက Friend စီးရီးထွက်ရှိပြီး နောက် ၃ လကျော်ရပ်နားထားတဲ့ သရုပ်ဆောင်ဘက်ကို အချိန်ပေးပြီး ပြန်လည်ရိုက်ကူးတော့မှာဖြစ်တယ် လို့ ပြောပြခဲ့ပါတယ်။

"နန်းမြတ် သရုပ်ဆောင်ဘက် ရိုက်ကူးရေးကို လုံးလုံးရပ်လိုက်တယ်။ နန်းမြတ်တို့ရဲ့ အမ်တီဗီအတွက် လုပ်စရာတွေ တအားများတော့ နှစ်ခုစလုံးအချိန်ပေးပြီးလုပ်ဖြစ်ရင် နှစ်ခုစလုံးက မကောင်းမှာစိုးတယ်။ အဲဒါကြောင့် ဗီဒီယိုရိုက်ကူးရေးကို လုံးဝ ရပ်နားပစ်လိုက်ရတယ်။ အခုအမ်တီဗီလည်းထွက်သွားပြီးပြီ။ အခု 'အီဖေကိုယ်တို့ရွှေကောက်ပွဲ' ရုပ်ရှင်ဇာတ်ကားကြီးကနေစပြီး ဗီဒီယို ရိုက်ကူးရေးဘက်ကို ပြန်ပြီးအချိန်ပေးရတော့မယ်။ Audio ထွက်ခဲ့တုန်းက အလုပ်နှစ်ခုစလုံးကို တွဲဖက်ပြီးလုပ်လို့ရတယ်။ အမ်တီဗီမှာကျတော့ ပြင်ဆင်စရာတွေရော၊ အာရုံတွေရော တအားများတဲ့အခါကျတော့ အဆင်မပြေဘူးလေ။ အခု သရုပ်ဆောင်ဘက်ကို ပြန်ပြီးအချိန်ပေးလုပ်ဖြစ်တော့မယ်။ နန်းမြတ်က ဒီဇာတ်ကားကြီးကနေစပြီး နောက်ပိုင်းရိုက်ဖြစ်သွားမှာဆိုတော့ နန်းမြတ်ကိုယ်တိုင်ကလည်း ဇာတ်လမ်းရွေးတယ်။ အဲဒီလိုပဲ အခု ကိုယ်ရွေးချယ်ပြီးရိုက်တဲ့ ဇာတ်လမ်းတွေမှာ အကောင်းဆုံးလုပ်သွားမယ်"လို့ ပြောပြခဲ့ပါတယ်။ ကိုယ်တိုင်ထုတ် လုပ်ရိုက်ကူးမယ့် ဒါရိုက်တာ ညီညီထွန်းလွင်ရဲ့ 'အီဖေကိုယ်တို့ရွှေကောက်ပွဲ' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ ခန့်စည်သူ၊ ဇေရဲထက်၊ ထွန်းထွန်း၊ ညီထွဋ်ခေါင်တို့နဲ့အတူ နန်းမြတ်ဖြိုးသင်းက ပါဝင်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ 'အီဖေကိုယ်တို့ ရွှေကောက်ပွဲ' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ နန်းမြတ်ဖြိုးသင်းက ချိုအီဆိုတဲ့ ကောင်မလေးနေရာက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကားရိုက်နားထားတဲ့ ၃ လ ကျော်လောက် လစ်ဟာသွားတဲ့အချိန်မှာ လိုအပ်တာလေးတွေ သိလာရကြောင်းကိုလည်း နန်းမြတ်ဖြိုးသင်းက"အမိကတော့ သုံးလေးလလောက် နားထားတဲ့အချိန်မှာ ကိုယ် ဒီ့ထက်ပိုပြီး ကြိုးစားရတော့မယ်၊ ပြင်ဆင်မှုပိုင်းလေးတွေအတွက်လည်း သိလာရတယ်၊ ကာရိုက်တာလေးတွေကို ဘယ်လိုပြောင်းလဲပြင်ဆင်မလဲ၊ ကိုယ်ထွက်တဲ့ကားလေးတွေ ပြန်ကြည့်ရင်း လိုအပ်တာလေးတွေ သိလာရတယ်"လို့ ပြောပြခဲ့ပါတယ်။

သိမ့်သိမ့်ဓာတ်ပုံ- အောင်ဇော်မင်း

## Valentine Day မှာ ချစ်သူပေးတဲ့ လ

# အံ့သြပျော်ရွှင်ခဲ့ရတဲ့ နန်းဆုရတီစိုး



နန်းဆုရတီစိုးက ဒီနှစ် Valentine Day မှာ ချစ်သူရဲ့ Valentine လက်ဆောင်ကြောင့် အံ့သြခဲ့ရကြောင်း ပြောပါတယ်။ ချစ်သူက သူ့ရဲ့မိသားစုတွေနဲ့ တိုင်ပင်ပြီး သူ့ရဲ့အိပ်ခန်းထဲမှာတစ်ခန်းလုံးအပြည့် ပူဖောင်းတွေ၊ နှင်းဆီပန်းတွေနဲ့ချောကလက်တွေဖန်တီးပေးထား တာတွေ ရပြီး မနက်အိပ်ရာနိုးတဲ့အချိန်မှာ အံ့သြပျော်ရွှင်ခဲ့ရကြောင်းကို နန်းဆုရတီစိုးက "အိပ်ရာက နိုးလာတာနဲ့ ပူဖောင်းတွေ၊ ပန်းစည်းတွေက တစ်ခန်းလုံးပြည့်ကြီးဆိုတော့ တအားအံ့သြပြီး အိပ်မက်ထဲမှာလားတကယ်လား ဆိုပြီးကြောင်နေတယ်။ နောက်မှ တကယ်ဆိုပြီး ဓာတ်ပုံရိုက် ဖို့အသိဝင်လာတယ်။တအားပျော်တယ်။ကိုယ့်ကိုဒီလို surprise လုပ်ပြီး ကိုယ့်အပေါ်မှာ ချစ်ခင်မှုကြင်နာမှု၊ တန်ဖိုးထားမှု၊မေတ္တာတွေကို ခံစားရပါတယ်။ ဒီလို Suprise လုပ်ပေးတဲ့ အတွက်လည်းကျေးဇူးတင်တယ်"လို့ပြောပါတယ်။ နှစ်တိုင်းလည်း ချစ်သူဆီက ရင်ခုန်ပျော်ရွှင်စရာ Valentine လက်ဆောင်ရရှိခဲ့ပြီး အခုဆိုရင်ချစ်သူသက်တမ်း ၄နှစ်ရှိပြီဖြစ်ကြောင်း သိရပါတယ်။ ဒီနှစ်ထဲမှာတော့မင်္ဂလာသတင်းအနေနဲ့ ထူးခြားမှုမရှိသေးဘဲ ၂၀၁၆နှစ်ဆန်းပိုင်းမှာတော့ ထူးခြားမှာဖြစ်ကြောင်းသိရပါတယ်။ နိုင်ဝေလွှင်

# မွေးနေ့အထိမ်းအမှတ်အဖြစ် သီလရှင်ဝတ်ခဲ့တဲ့ ရာလေး သုနန္ဒမာလာ (ခ) ဘောဘီမောင်





သရုပ်ဆောင် ဘောဘီမောင်က ဖေဖော်
၂၂ ရက်နေ့မှာကျရောက်တဲ့ မွေးနေ့အ
အမှတ်အဖြစ် ညီမများနဲ့အတူ ဖေဖော်ဝါရီ
ရက်နေ့က တေဇစက္ကီ ဝိပဿနာ ကမ္မဋ္ဌာန်း
ာင်းမှာ သီလရှင်ဝတ်ခဲ့ ပြီး သံဃာတော်
င်သူမြတ်တို့ကို ဆွမ်းနှင့် ဝတ္ထုများ ဆက်
လှူဒါန်း ခဲ့ပါတယ်။ ပထမဦးဆုံးအကြိမ်
ရှင်ဝတ်ခြင်းဖြစ်တဲ့အတွက် မျက်ရည်
င်ကျခဲ့ရတဲ့အပေါ် ဆရာလေး သုနန္ဒ
ာက. .

"တစ်ခါမှလည်းမဝတ်ဖူးတော့ ဆံသား
ဖြတ်ရတဲ့အချိန်မှာ ဆရာလေးရင်ထဲမှာ





ဖြစ်ရတယ်။ အဲဒီအတွက် မျက်ရည်တောင်ကျခဲ့ ရတယ်။ ဒီလိုသာသနာပြုနိုင်မယ်လို့ ကိုယ့်
ကိုယ်တောင် ထင်မထားခဲ့ မိဘူး။ အခုအချိန်မှာ တကယ့်ကို သာသနာပြုနိုင်ခဲ့တဲ့အတွက်ကြောင့်
းဝမ်းသာပါတယ်။ ပီတိလည်း ဖြစ်ရပါတယ်။ ကောင်းမှုကုသိုလ်ဆို တာ ဗုဒ္ဓဘာသာဝင်တိုင်း
သင့် တဲ့အရာပါ။ ဆရာလေးလို အနုပညာရှင် သရုပ်ဆောင်သမားတွေတောင် အလှအပ
ါချပြီး တရားအလုပ် ကိုလုပ်နိုင်သေးတာပဲ။ ပရိသတ်တွေလည်း ဆရာလေးလို သာသနာပြု
ါစေလို့ ဆုတောင်းပါတယ်" လို့ ပြောပါတယ်။ ဆရာလေး သုနန္ဒ မာလာ (ခ) ဘောဘီမောင်က
ရှင် ၅ ရက်ဝတ်မှာဖြစ်တယ်လို့ ပြောပြပါတယ်။

နိုင်ဝေထွင်
ဓာတ်ပုံ- မင်းမင်းထွန်း




# ၁၅၀၀ အချစ်ကို အချိန်မပေးနိုင်သေးဘူးဆိုတဲ့ မိုးစက်ဝိုင်



မိုးစက်ဝိုင်ရဲ့ Myanmar's Heart Charity Group သို့ Dagon City 1 မှ ဒေါ်လာနှစ်ထောင် ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညနေ ၄ နာရီခွဲက Dagon City 1 မှာပြုလုပ်ခဲ့ပါတယ်။ မိုးစက်ဝိုင်က အလှူငွေလက်ခံရယူ ပြီးနောက် သစ်ရိုင် ဘုန်းတော်ကြီး သင် ပညာရေးကျောင်းမှ ကလေးငယ်များကို အချိုရည်နှင့် ချောကလက်များ ဝေငှခဲ့ပြီး သူ့ရဲ့ Valentine Day ကိုကုန်ဆုံးခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၄ ရက်နေ့ဖြစ်တာကြောင့် သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီးမေးတော့ မိုးစက်ဝိုင်က. .

"၁၅၀၀ အချစ်က တအား ပူလောင်တယ်လို့ ခံစားရပါတယ်။ အဲဒီဘက်ကို အချိန်မပေး နိုင်သေးဘူး။ ဘဝမှာ Target ထားပြီး လုပ်စရာလေးတွေ ရှိတော့ အဲဒီဘက်ပဲ အရင်သွားနေပါတယ်။ ဒီနှစ် Valentine Day ကိုတော့ ဒီကလေး တွေနဲ့ပဲ ဖြတ်သန်းမှာပါ"လို့ပြောပါတယ်။မိုးစက်ဝိုင်ရဲ့ Myanmar's Heart Charity Group ရဲ့ ပထမဦးဆုံး အကြိမ် လှူဒါန်းမှုအဖြစ် ကြို့ပင်ကောက်ရှိ သစ်ရိုင်မိဘမဲ့ ဘုန်းတော်ကြီး သင် ပညာရေး ကျောင်းကို ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ သွားရောက်လှူဒါန်းမှာ ဖြစ်ပါတယ်။ ဒီလှူဒါန်းမှုနဲ့ပတ်သက်ပြီး မိုးစက်ဝိုင်က. .

"ဟိုရောက်ရင် Activities တွေ လုပ်ဖို့ စီစဉ်ထားပါတယ်။ ဒီအလှူမှာ အားလုံးပါဝင်ပတ်သက်လို့ရအောင် စီစဉ်ထားပါတယ်။ Miss တွေရော၊ အနုပညာရှင်တွေပါ ဖိတ်ထားပါတယ်။ အများပြည်သူ ပါဝင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်ခဲ့တာပါ။ မြန်မာပြည်ကိုချစ်တဲ့ စိတ်ကလေးရှိတဲ့လူတွေ ပါဝင်နိုင်အောင်လို့ တစ်နှစ်တစ်ကြိမ်တော့ အမြဲတမ်းလုပ် ဖြစ်မှာပါ။ ဒီအလှူလုပ်မယ် ဆိုတာနဲ့ မိုးစက်နဲ့လက်တွဲ ထားတဲ့ ကုမ္ပဏီတွေအားလုံးက ချက်ချင်း အားတက် သရောနဲ့ ပါဝင်ပေးပြီး ယုံကြည်ပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်" လို့ပြောပါတယ်။

နိုင်ဝေထွင်
ဓာတ်ပုံ- ထိသွဲ့ (ထန်းယန်း)



# ဆောင်ကြောင့်










## စိဝန်ကို မနာလိုဖြစ်မိကြောင်းဝန်ခံခဲ့တဲ့ ဂျက်ကီချန်း

ဖေဖော်ဝါရီ ၁၂ ရက်က ထိုင်ဝမ်မှာပြုလုပ်ခဲ့တဲ့ 'Dragon Blade' ဇာတ်ကား ပရိုမိုးရှင်းပွဲမှာ ဒီဇာတ်ကားမှာပါဝင်တဲ့ ကမ္ဘာကျော်မင်းသားကြီး ဂျက်ကီချန်းက စူပါဂျူနီယာအဖွဲ့က အဆိုတော်၊ သရုပ်ဆောင် စီဝန်အပေါ် ပရိသတ်တွေက အားပေးမှုကို မနာလိုဖြစ်မိကြောင်း ပြောကြားခဲ့ပါတယ်။ ဒါဟာ စီဝန်ရဲ့ပေါ်ပြူလာဖြစ်မှုအပေါ် ဂျက်ကီချန်းက နိုးကျူးမှုတစ်ခုလည်းဖြစ်ပြီး သူနဲ့သရုပ်ဆောင်ဘက်ဖြစ်တဲ့ စီဝန်ကို စောင့်နေတဲ့လူအုပ်ကြီးကို မြင်တွေ့ရလို့ ဒီလိုပြောလိုက်တာလို့ဂျက်ကီချန်းက ဆိုပါတယ်။ မီဒီယာတစ်ခုရဲ့တင်ပြချက်အရဆိုရင်လည်း စီဝန်က အဲဒီနေ့ပွဲက လူအုပ်ရဲ့ စိတ်ဝင်စားမှုအခံရဆုံးသရုပ်ဆောင်လို့ဆိုပါတယ်။ တရုတ်စကားပြောကိုပါ ကျွမ်းကျင်စွာပြောနိုင်တဲ့ စီဝန်ဟာ သူ့ရဲ့ ပရိသတ်များကိုလည်း ကောင်းကောင်း တုံ့ပြန်ပြောဆိုနိုင်ခဲ့ပါတယ်။ 'ဒီနေရာမှာဘယ်သူအလှဆုံးလဲ' လို့ ဂျက်ကီချန်းက မေးတဲ့အခါ ပရိသတ်က စီဝန်ဖြစ်ကြောင်းတုံ့ပြန်ကြတဲ့အတွက် နောက်ထပ် သူတို့ရုပ်ရှင်မှာ စီဝန်ကိုထည့်ဖို့ထပ်စဉ်းစားရတော့မယ်လို့ ဂျက်ကီချန်းက ရယ်ရယ်မောမော ပြောကြားခဲ့ပါတယ်။ 'Dragon Blade' ဇာတ်ကားမှာ စီဝန်ဟာ ဇာတ်ပို့နေရာက ပါဝင်ထားပြီး ဂျက်ကီချန်းက အဓိကဇာတ်ဆောင်ဖြစ်ပါတယ်။ ဒီဇာတ်ကားကို တရုတ်မှာတော့ ဖေဖော်ဝါရီ ၁၉၊ ကိုရီးယားမှာ မတ်လ ၁၂ ရက်တို့မှာ စတင်ပြသမှာဖြစ်ပါတယ်။

## ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဘေယောင်ဂျွန်း



အချောဆုံး၊ နာမည်အကြီးဆုံး ကိုရီးယားမင်းသားများထဲက ဘေယောင်ဂျွန်းက သူ့ထက် ၁၄ နှစ်ငယ်တဲ့ သူ့ချစ်သူကောင်မလေးနဲ့ လမ်းခွဲလိုက်ပြန်ပြီလို့ သိရပါတယ်။ ဒီတစ်ခါ လမ်းခွဲရတဲ့အကြောင်းရင်းကတော့ သူ့ထက် တအားငယ်တဲ့ ချစ်သူကောင်မလေးရဲ့ မိသားစုက သဘောမတူလို့ပါလို့ တချို့ကဆိုပါတယ်။ အဲဒီမိန်းကလေးရဲ့အမည်က ကိုးဆိုဟီး ဖြစ်ပြီး ၂၀၁၃ ခုနှစ်ကုန်က ဂျပန်မီဒီယာတစ်ခုက ဂျပန်မှာ သူတို့ရဲ့ ချိန်းတွေ့သွားလာမှုများကို ဖော်ထုတ်ရာကနေ လူသိရှင်ကြားသူတို့ရဲ့ဆက်ဆံရေးကို ကြေညာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မေလက သူတို့ လက်ထပ်လိုက်ကြပြီလို့ သတင်းတွေထွက်ခဲ့ပေမယ့် ဘေယောင်ဂျွန်းက ငြင်းဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်နှိုဝင်ဘာလတုန်းက သူတို့စုံတွဲဟာ သူငယ်ချင်းတစ်ယောက်ရဲ့မင်္ဂလာပွဲကိုတက်ဖို့ ဂျပန်ကိုအတူခရီးသွားခဲ့ကြပါသေးတယ်။ ဘေယောင်ဂျွန်းဟာ အသက် ၄၂ နှစ်ရှိပြီဖြစ်ပြီး နာမည်ကြီးတစ်ယောက်မဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက် ဘေနဲ့တွဲရတာ စိတ်မသက်မသာဖြစ်လို့လမ်းခွဲရတဲ့ဟန်မျိုး ဘေယောင်ဂျွန်းရဲ့ Key East Entertainment က ပြောကြားခဲ့ပါတယ်။ ဘေယောင်ဂျွန်းရဲ့ ချစ်သူဟာ နာမည်ကျော်တစ်ယောက်မဟုတ်ပေမယ့် အမွေခံသူဌေးသမီးလေးဖြစ်ပြီး LS Cable & System က ဥက္ကဋ္ဌရဲ့ သမီးတစ်ယောက်ဖြစ်သလို သူ့မိခင်ဘက်ကလည်း LG Corporation တည်ထောင်သူနဲ့ ပတ်သက်သူဖြစ်ပါတယ်။ ဆိုဟီးရဲ့ ဆွေမျိုးများဟာ နာမည်ကျော်များအပေါ် သဘောထားသေးသိမ်ကြောင်း၊ ဘေယောင်ဂျွန်းက ဆိုဟီးကိုလေ့ကျင့်သဖွယ်အသုံးချဖို့ ကြိုးစားနေတယ်လို့ သူ့ဆွေမျိုးများကယုံကြည်ကြောင်းကိုလည်း ဂျပန်မီဒီယာ Josei Seven က မနှစ်ကဖော်ပြဖူးပါတယ်။ ဘေယောင်ဂျွန်းဟာ စီးပွားရေးမှာစိတ်အားထက်သန်သူဖြစ်ပြီး KeyEast Entertainment ရဲ့ အဓိက ရှယ်ယာရှင်ဖြစ်သလို Waikiki, Hawaii တို့မှာ သူ့လုပ်ငန်းတစ်ခုရှိပြီး အနောက်တိုင်းစားသောက်ဆိုင်တစ်ဆိုင်လည်း ဂျပန်မှာဖွင့်ထားပါသေးတယ်။

## အသက် ၃၀ အထိ အပျိုကြီးလုပ်ပါမယ်ဆိုတဲ့ မင်းသမီးကင်မ်ဆိုအွန်



Boys Over Flowers ဇာတ်လမ်းတွဲထဲက ဇာတ်ပို့မင်းသမီးလေးအဖြစ်နဲ့ နာမည်ပိုကြီးလာခဲ့တဲ့ ချစ်စရာကောင်းတဲ့မင်းသမီးချော ကင်မ်ဆိုအွန်၊ လက်ရှိ Horse Doctor ဇာတ်လမ်းတွဲထဲက မင်းသမီးလေး Sukhwi အဖြစ်လည်း လူသိများတဲ့ ကင်မ်ဆိုအွန်က အသက် ၃၀ အထိ လက်မထပ်ဘဲ အပျိုကြီးလုပ်သွားပါဦးမယ်လို့ပြောကြားလိုက်ပါတယ်။ လက်ရှိ အသက် ၂၅ နှစ်ရှိပြီဖြစ်တဲ့ ဆိုအွန်ဟာ ရုပ်သံရှိုးပွဲ "We Got Married" မှာ လက်ထပ်ပွဲနွှဲနေရပေမယ့် တကယ့် လက်ထပ်ပွဲက



တော့ လိုပါသေးကြောင်း၊ အလုပ်ကို အာရုံစိုက်သွားမှာဖြစ်ကြောင်း @ Star1 မဂ္ဂဇင်းကိုဖြေကြားခဲ့တာဖြစ်ပါတယ်။ Screenပေါ်မှာ ဆောင်ရွယ်ရင်နဲ့ အကောင်းဆုံးစုံတွဲအဖြစ် သတ်မှတ်ခံထားရပေမယ့်လည်းသူတို့က အပြင်မှာချစ်သူတွေပါဆိုတဲ့သတင်းကတော့မှားကြောင်း၊ သူငယ်ချင်းတွေသာ ဖြစ်ကြောင်း ဆိုအွန်က ငြင်းဆိုထားပါတယ်။ သူက ရိုးသားတဲ့သူပါလို့ဆိုတဲ့ ဆိုအွန်ဟာ အဆင့်မြင့်စကိတ်နဲ့နှင်းလျှောစီးသမား တစ်ဦးဖြစ်ပြီး သူ့ရဲ့အားလပ်ချိန်တွေကို အဲဒီလိုအားကစားများနဲ့အပန်းဖြေလေ့ရှိသလို ယောဂကစားရတာ၊ ခရီးသွားရတာတွေ လည်းကြိုက်သူဖြစ်ပါတယ်။Clean and Clear, Samsung Anycall, Pocari Sweat, Nongshim snacks, Maxim Coffee, Lotte စတဲ့ထုတ်ကုန်များရဲ့ကြော်ငြာမော်ဒယ်လည်းဖြစ်သလို Allure Korea, High Cut, Vogue Korea, InStyle Korea, Elle Girl Korea, Harper's Bazaar, CeCi, L'Officiel, Esquire Korea စတဲ့ မဂ္ဂဇင်းများမှာလည်း ဖော်ပြခံထားပြီးဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မှာသရုပ် ဆောင်စတင် လုပ်ကိုင်ခဲ့ပြီး ထူးချွန်ဆု ၆ ဆု ရရှိခဲ့ပြီးဖြစ်ပါတယ်။








## V'day Party & Essential Wedding Fair ပွဲကျင်းပ










Jupiter Waves Media & Entertainment မှ စီစဉ်ပြီး OPPO Smart Phone ကုမ္ပဏီနဲ့ ပူးပေါင်းကာ V'day Party & Essential Wedding Fair ပွဲကြီးနဲ့ ချစ်သူများနေ့ဖြစ်တဲ့အတွက် အမှတ်တရဖြစ်အောင် Mr & Mrs Valentines 2015 ပြိုင်ပွဲကြီးတို့ကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့က MCC ခန်းမ (မင်းဓမ္မ) မှာ ပူးတွဲကျင်းပခဲ့ပါတယ်။ V'day & Essential Wedding Fair ကတော့ ချစ်သူစုံ တွဲများနဲ့ မင်္ဂလာ အခမ်းအနား ကျင်းပတော့မယ့် လက်ထပ်ခါနီး ဇနီးမောင်နှံနဲ့ တစ်ဦးအပေါ် တစ်ဦး မေတ္တာထားရှိပြီးသား ချစ်သူစုံတွဲများလည်း ပျော်ရွှင်စရာ မင်္ဂလာပွဲများကို စိတ်ကူးယဉ်နိုင်အောင်၊ လူသားတိုင်း တစ်ချိန်မှာကြုံတွေ့ရမယ့် မိမိတို့ရဲ့ မင်္ဂလာပွဲများအတွက် အတုယူနိုင်အောင် ဖက်ရှင်ဒီဇိုင်နာ စုစုဝေ၊ သက်နှင်းဒါ၊ နိုင်မြတ်ဝေ၊ My Dream Wedding Dress၊ Video & Photo Studio တို့ရဲ့ ဝတ်စုံ ဒီဇိုင်းလက်ရာများကို သရုပ်ဆောင်များစွာက ဝတ်ဆင်ပြသပေးခဲ့ပါတယ်။ ဆက်လက်ပြီး Mr & Mrs Valentines 2015 ပြိုင်ပွဲကြီးကို ကျင်းပခဲ့ရာပြိုင်ပွဲဝင် အယောက် ၂၀ ကျော်က မိမိတို့စိတ်ကြိုက် ဝတ်စုံများနဲ့ ဝတ်ဆင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်များအဖြစ် ဦးမိုးမင်း၊ မေကဗျာ၊ ခရစ္စတီးနားတို့က ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါပြိုင်ပွဲမှာ Mr Valentines ဆုကို ဆက်အောင်၊ Miss Valentines ဆုကို ယမင်းမေ ဦး၊ 1st Runner Up ဆုကို ကေနိုင်နဲ့ ဆု သက်ပိုင်မူး၊ 2nd Runner Up ဆုကို လင်းထက်နဲ့ မြူးဟေဝင်၊ Best Performance ဆုကိုကျော်မင်းကိုနဲ့ ဖြိုးရွှေပါမြင့်အောင်တို့က အသီးသီးရရှိခဲ့ပါတယ်။ KTM မှ အသစ်ထုတ်လုပ် သော Snow White သောက်ရေသန့်မှ Mr Snow White နဲ့ Miss Snow White ဆုတို့ကို ထပ်မံချီး မြှင့်ခဲ့ရာ ဆက်အောင်နဲ့ ယမင်းမေဦး တို့က ထပ်မံရရှိသွားခဲ့ပါတယ်။ အဆိုပါပြိုင်ပွဲကြီးမှာ တေးသံရှင် စည်သူလွင်၊ ညက်လင်းအောင်၊ သီဟ (Defination)၊ ဘုန်းနေ၊ နေခြည်လင်းနဲ့ တေးသံရှင်များစွာက သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။

## တန်ဖိုးကြီး ဆိုင်ကယ်ချည်းပြသသော Easy Bike Show ပြသ









တန်ဖိုးကြီး ဆိုင်ကယ်များပြသသော Eas Bike Show ကို Mingalar Mandalay တွင် ဖေဖော်ဝါရီ (၁၉)ရက်နေ့နှင့် (၂၀)ရက်နေ့များတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြပွဲကို မနက် ၁၀နာရီ က နေ ည ၉နာရီအထိ ပြုလုပ်ခဲ့ပြီး Dream Lover Music Band နှင့် အတူ နိုင်ငံကျော် အဆိုတော် ကော်နီ၊ မေဓလား၊ ဆုန်သင်းပါရ်တို့ရဲ့ မြူးကြွတဲ့ သီဆိုဖျော်ဖြေမှုများ၊ လန်းဆန်းတက်ကြွတဲ့ Talents & Model မှ မော်ဒယ်လေးများရဲ့ ဆိုင်ကယ်ရဲ့ အတူ တွဲဖက်ပြီးလုပတဲ့ သရုပ်ပြမှု၊ ပုလဲဘင်ခရာအဖွဲ့ရဲ့ မြူးကြွသော သံစဉ်များနှင့်တီးမှုတ်ဖျော်ဖြေမှုများ၊ Omega Mime အဖွဲ့ရဲ့ဟာသ၊ B.Boxမျက်လှည့် စသည့် စိတ်ဝင် စားဖွယ်ရာကောင်းသောအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခက်ဆစ်
ဓာတ်ပုံ-နွန်လတ်





# မလေးရှားဖျော်ဖြေရေးမှ ရရှိတဲ့ အနုပညာကြေးနဲ့ ဆုငွေများကို ကြည့်မြင်တိုင် မီးဘေးသင့်ပြည်သူများကို လှူဒါန်းမယ့် ဖိုးချစ်





ဖေဖော်ဝါရီ ၁၅ရက်မွေးနေ့ရှင်ဖိုးချစ်က မွေးနေ့ ညနေမှာတော့ မင်္ဂလာဒုံသဘင်ခြံထဲမှာ မိသားစုဝင်များ၊ ပရိသတ်များနဲ့အတူ မွေးနေ့ပွဲလေးပြုလုပ်ခဲ့ပါတယ်။ ၁၆ရက်နေ့မှာတော့ မင်္ဂလာဒုံတောတိုက်ကျောင်းမှာ သံဃာတော်အပါး ၆၀၀ ကို အရုဏ်ဆွမ်းကပ်ခဲ့ပြီး ထောက်ကြန့်မေတ္တာနန္ဒကျောင်းမှာ ရဟန်းသံဃာကျောင်းသား၄၅၀ကို နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့ပြီး ပဒေသာပင်အဖြစ် ၁၆သိန်းလှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် ဖိုးချစ်က အလှူငွေသိန်း ၃၀လှူဒါန်းခဲ့ပါတယ်။ ဖိုးချစ်က ဖေဖော်ဝါရီ ၁၉ရက်နေ့မှာတော့ မလေးရှားနိုင်ငံကျိုဟိုးပြည်နယ်တွင် ဘုန်းတော်ကြီးကျောင်းဆောက်လှူဒါန်းနိုင်ရန်ရန်ပုံငွေပြုလုပ်တဲ့ဖျော်ဖြေပွဲကို သွားရောက်ဖျော်ဖြေခဲ့ပါတယ်။ ဒီဖျော်ဖြေပွဲမှ ရရှိတဲ့ အနုပညာကြေး၊ ပရိသတ်က ဆုချတဲ့ ငွေကြေးတွေ စုပေါင်းပြီးကြည့်မြင်တိုင် မီးဘေးသင့်ပြည်သူများကို သွားရောက်လှူဒါန်းဖို့ စီစဉ်ထားကြောင်း ဖိုးချစ်က ပြောပါတယ်။



"ကျွန်တော်မလေးရှားကနေ ၂၁ ရက်နေ့ ပြန်လာမယ်။ ပြန်လာတာနဲ့ ချက်ချင်းသွားလှူမယ်။ ကျွန်တော်က ဖြစ်ဖြစ်ချင်းသွားလှူချင်ခဲ့တာပါ။ ဒါပေမဲ့ အဝေးရောက်နေလို့လေ။ သွားလှူတဲ့ အခါကျရင် ပရိသတ်တွေလည်း လိုက်လှူလို့ရပါတယ်။ကျွန်တော်တို့ ခွေးနေတဲ့အချိန်မှာသူတို့အေးနေမှာပဲ။ ကျွန်တော်တို့တွေ ထမင်းစားနေတဲ့အချိန်မှာ သူတို့တွေလည်း ဆာနေမှာပါပဲ။ ကျွန်တော်တို့ အမိုးအကာနဲ့ နေတဲ့အချိန်မှာတော့ သူတို့ကမလုံမခြုံဖြစ်နေမှာပါ။ တစ်ယောက်အားနဲ့ မရ စုပေါင်းအားနဲ့ ရရအောင် ကျွန်တော်တို့နိုင်သလောက်သွားလှူမလို့ပါ"လို့ အလှူနဲ့ပတ်သက်ပြီး ဖိုးချစ်က ပြောပြပါတယ်။ မြို့တော်မောင်ယဉ်အောင်မှဗိုလ်ချုပ်အောင်ဆန်းပြဇာတ် ဇာတ်ညွှန်းကို ရေးသားနေပြီဖြစ်ကြောင်းလည်း သိရပြီး ဇာတ်ညွှန်းရေးသားပြီးတာနဲ့ မြန်မာပြည်အနှံ့ကပြမှာဖြစ်ပြီး ဇာတ်ကားမှာလည်း ဗိုလ်ချုပ်အောင်ဆန်းပုံတွေကိုဝေဆာစွာ ကပ်သွားမှာဖြစ်တယ်လို့ ဖိုးချစ်က ပြောပါတယ်။

လင်းအတွရာ

# Jaguar ကား၏ နှစ်သစ်ကူးပွဲတော်





Jaguar ကား၏ နှစ်သစ်ကူးပွဲတော်ကို အင်းစိန်လမ်းမတွင်ရှိသော Capital Automotive Ltd. ကားဆားဗစ်ခန်းမတွင် ကျင်းပခဲ့ပါသည်။ Jaguar ကား၏ သဘာဝအတိုင်း မြန်မာပြည်တွင် တရုတ်နှစ်ကူးကို အသက်ဝင်လှုပ်ရှားသော အသွင်ဖြင့် ညှိခံခဲ့ပါသည်။ Jaguar ကားတီထွင်သူ Sir William Lyons က သူသည် နေရာတစ်ခုမှ နေရာတစ်ခုသို့ ပို့ဆောင်သော ကားကို တီထွင်သည်ထက် မောင်းသော သူကို အသက်ဝင်လှုပ်ရှားစေသော ကားကို တီထွင်ခြင်းဖြစ်ပါသည်ဟုဆိုသည်။ ညှိခံပွဲတွင် အစီအစဉ်တင်ဆက်သူ သန္တာလှိုင်က Jaguar Video Featuring Nicholas Hoult of X-Men ဗီဒီယိုကို ပြသကာ သက်ဝင်လှုပ်ရှား Jaguar ကား၏ အသက်ဝင်လှုပ်ရှားရန် တီထွင်မှုကို ပြသခဲ့ပါသည်။ အခမ်းအနားတွင် Capital Automotive Manging Director ဦးခင်ထွန်းက အဖွင့်စကားပြောကြားခဲ့ပြီး အကများနှင့်အတူ အဆိုတော် နေနေ၊ Jade Dragon အကအဖွဲ့တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ Jaguar XF mid size Saloon car ကားအလတ်နှင့် XJ a full size saloon ကားတို့ကို ပြသထားပြီး အတွင်းအပြင် ဒီဇိုင်းလှပမှုနှင့် တီထွင်မှု စက်ပညာအဆင့်မြင့်မှုတို့ကြောင့် ဆုတံဆိပ်များရထားသော ကားများပင်ဖြစ်သည်။ ဗြိတိသျှ နိုင်ငံမှ မွေးဖွားခဲ့သော Jaguar ကားကို မြန်မာပြည်တွင် ယခုအခါ ဒုတိယအကြိမ်မိတ်ဆက်ပွဲပြုလုပ်ခြင်းဖြစ်ပြီး ပထမပွဲကို ၂၀၁၄ခု ဒွန်လက မြန်မာရုပ်ရှင်အစည်းအရုံးနှင့် တွဲဖက်ကာ ဗြိတိသျှသံအမတ်ကြီးနေအိမ်တွင် ကျင်းပခဲ့ပြီး မြန်မာအကယ်ဒမီရွေးချယ်ပွဲ အကြို ပြုလုပ်ခဲ့ကာ Poise Couture by Taylah တို့ကို သီရိကျော်က အစီအစဉ်တင်ဆက်ပြီး Jaguar ကား၏ အသက်ဝင်လှုပ်ရှားသော အသွင်ကို မိတ်ဆက်ခဲ့ပါသည်။




# ဒရာမာဇာတ်ကားတွေပဲ ရွေးချယ်ရိုက်ကူးသွားဦးမယ့် အားသစ်



ရွှေရတနာ စိန်ရတနာ ရုပ်ရှင် ထုတ်လုပ် ဖြန့်ချိရေးအတွက် ဒါရိုက်တာ ကိုဇော် (အရှက်ဦး) ရိုက်ကူးမယ့် 'ချန်ပီယံလေး' ရုပ်ရှင်ဇာတ်ကား ကြီးထဲမှာ အကယ်ဒမီခန့်စည်သူ၊ ရွှေမှုံ့ရတီ၊ နဒီဝင့်နိုင် တို့နဲ့အတူ အားသစ်က အဓိကဇာတ် ဆောင်နေရာကနေ ပါဝင်ရိုက်ကူး သွားမှာဖြစ်ကြောင်း သိရပါတယ်။ အားသစ်က ကလေးသရုပ် ဆောင် နေရာကနေ ဇာတ်ကားပေါင်း ၆၀ နီးပါးလောက် ရိုက်ကူးခဲ့ပြီးဖြစ်ရာ အခုဆိုရင် အဓိကဇာတ်ဆောင် နေရာကနေ ရိုက်ကူးသွားတော့မှာ ဖြစ်ကြောင်း သိရပါတယ်။ အဓိက ဇာတ်ဆောင်နေရာကနေ ရိုက်ကူးခဲ့တာ ၉ ကားလောက်ရှိပြီဖြစ်ပြီး လက်ရှိမှာ ဒရာမာဇာတ်ကားတွေပဲ ရွေးချယ်ရိုက်ကူးသွားမှာဖြစ်ကြောင်း ကိုအားသစ်က. .

"ဒီဇာတ်ကားလေးထဲမှာ လမ်းဘေးစားပွဲထိုးကောင်လေးပေ့ါ။ စကိတ်တအားစီးပြီးတော့ စကိတ်စီးရင်းနဲ့ ချန်ပီယံဖြစ်သွားတယ်၊ အဲဒီ ဇာတ်ကောင်လေးပါ။ လောလောဆယ်တော့ ဒရာမာကားတွေပဲ ရွေးပြီးရိုက်သွားမှာပါ။ အဓိကဇာတ်ဆောင်နေရာကပေ့ါ။ ရွှေလျှောက် လည်း ကာရိုက်တာအစုံ၊ ဇာတ်အစုံလုပ်သွားမယ်။ အခုလောလောဆယ် ဒရာမာကားတွေပဲ ရွေးရိုက်ဖြစ်တာက ကျွန်တော် ဒရာမာကို အားသန်နေလို့ပါ။ငယ်ငယ်တုန်းကတော့ကြိုက်သလိုလည်း ရိုက်လို့ရတယ်။ လေယူလေသိမ်းတွေလည်း မလိုဘူး။ အခုကျတော့ အဓိကဇာတ်ဆောင်အဖြစ်နဲ့ ရိုက်နေပြီဆိုတော့ အိုက်တင်ကအစ အခက်အခဲတွေလည်းရှိတော့ အခုအချိန်မှာ ကိုယ် အားသန်တာကိုလုပ်တာက အကောင်းဆုံးဖြစ်မယ်။ ကျွန်တော် ဒီ့ထက်လည်း အများကြီးကြိုးစားရဦးမှာပါ။ ပရိသတ်ကြီး ကျွန်တော့်ကို ကလေးသရုပ်ဆောင်အဖြစ်နဲ့ အရင်က ရင်းနှီးပြီးသား။ ဒါပေမဲ့ ကျွန် တော့်ကို ကလေးသရုပ်ဆောင်ဆိုတာထက် ဘက်ပေါင်းစုံကို အကောင်း ဆုံးလုပ်နိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်အနေနဲ့ မြင်တာမျိုးလိုချင်မိတယ်။ ဒရာမာဆိုတော့ ပရိသတ်အတွက် မငြီးရအောင် ကျွန်တော် ကာရိုက်တာမတူအောင် လုပ် သွားမှာပါ။ ပရိသတ်လက်ခံအားပေးတဲ့ထိ ကြိုးစားပြီးရိုက်ကူးသွားမှာပါ" လို့ ပြောပြခဲ့ပါတယ်။ အားသစ်က လက်ရှိ ဒဂုံတက္ကသိုလ်မှာ ဒီးမေဂျာ ပထမနှစ်တက်ရောက်နေပြီး ကျောင်းတက်ရင်းနဲ့ပဲ ရိုက်ကူးသွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒီနှစ်ထဲမှာပဲ 'ချန်ပီယံလေး' ရုပ်ရှင်ဇာတ်ကားကြီးအပါအဝင် နောက်ထပ် ရုပ်ရှင်ကားကြီး ထပ်မံရိုက်ကူးဖို့ရှိ ကြောင်းလည်း သိရပါတယ်။

သိန့်သိန့်

# အီဖေကိုယ်တို့ရွှေးကောက်ပွဲဇာတ်ကား အကြောင်းခန့်စည်သူပြော





ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးမယ့် 'အီဖေကိုယ်တို့ ရွှေးကောက်ပွဲ' ရုပ်ရှင်ဇာတ်ကားကြီးထဲ မှာ ခန့်စည်သူက ဇေရဲထက်၊ ထွန်းထွန်း၊ ညီထွဋ်ခေါင်၊ နန်းမြတ်ဖြိုးသင်းတို့နဲ့အတူ ပါဝင်ရိုက်ကူးသွားမှာဖြစ် ကြောင်း သိရပါတယ်။ ဒီဇာတ်ကားထဲမှာ ခန့်စည်သူက ဓားပြဗိုလ်အဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ဒီဇာတ်ရုပ်က အနုပညာသက်တမ်းမှာ ပထမဆုံး သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်ဖြစ်ကြောင်း ခန့်စည်သူ က ဆိုပါတယ်။ "ကျွန်တော် ဒီကားထဲမှာ ဓားပြဗိုလ်အဖြစ် သရုပ်ဆောင်ရမှာပါ။ ကျွန်တော့်ရဲ့ အနုပညာသက်တမ်းမှာ ပထမဆုံးသရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်ဖြစ်ပါတယ်။ အဓိကတော့ ဒီကားရိုက်ကူးတဲ့ အိပ်မက်မျှဝေ ကုမ္ပဏီကို တကယ်လေးစားပါတယ်။ စွန့်စားရမယ့်ကားမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့လည်း စတိုင်ယာတွေ ကို ဝါသနာပါပါတယ်။ ရိုက်လည်း ရိုက်ခဲ့ပါတယ်။ ဆင်ဆာတွေဆိုလည်း စံချိန်တင်လောက်အောင် အဖြတ်လည်းခံရပါတယ်။ ကျွန်တော်တို့တင်ပြတဲ့ အထဲမှာပါတဲ့အရာတွေက မည်သူတစ်ဦးတစ်ယောက်ကိုမှ ပါဆင်နယ်အရ ထိပါးစော်ကားပြီးတော့ ရိုက်ခဲ့တာမျိုးမဟုတ်ပါဘူး။ ဒီကားမှာ လည်း ကျွန်တော်ထင်ပါတယ်။ ဦးညီ ရဲ့ ဝါသနာအရ လက်ရာအရ ရှင်းရှင်းပြောရရင် နိုင်ငံရေးပြက်လုံးတွေ အများကြီးပါမယ်လို့ ယုံကြည်ပါတယ်။ ဒီအချိန်မှာ ကြိုတင် request လုပ်ထားချင်တာက ရုပ်ရှင်ဆင်ဆာပေ့ါ။ သိပ်မျက်မှန်အောင်အထူကြီးတပ်ပြီးမကြည့်ပါနဲ့လို့ ပြောချင်ပါတယ်။ စတိုင်ယာဆိုတာ Personal တော့ ထိခိုက်တာမျိုးမဟုတ်ဘူး။ လူကြီးတွေပြောတဲ့စကားအပေါ်မှာ ယေဘုယျအားဖြင့် ပြန်သုံးသပ်ပြီး တော့ ဒါမျိုးတွေတော့ လက်ခံသင့်တယ်။ ဒါမျိုးတွေတော့ ကိုယ်တို့တွေ က မဖြစ်သင့်ဘူးဆိုတာကို အနည်း အကျဉ်းပြန်ပြီး စတိုင်ယာအနေနဲ့တင် ပြတာပါ"လို့ ပြောပြခဲ့ပါတယ်။

ခန့်စည်သူက 'အီဖေကိုယ်တို့ ရွှေးကောက်ပွဲ' ရုပ်ရှင်ဇာတ်ကားကြီးအပြင် 'ချန်ပီယံလေး' ရုပ်ရှင်ဇာတ် ကားကြီးလည်း ရိုက်ကူးဖို့ရှိကြောင်း သိရပါတယ်။

သိန့်သိန့်






## တေလာကင်နေးနဲ့ စေ့စပ်လိုက်တဲ့ လေဒီဂါဂါ

ဖေဖော်ဝါရီလ ၁၈ ရက်နေ့သတင်းများအရ အဆိုတော်လေဒီဂါဂါဟာ ၄ နှစ်ကြာတွဲလာတဲ့ ချစ်သူမင်းသား တေလာကင်နေးနဲ့ စေ့စပ်လိုက်ပြီလို့သိရပါတယ်။ ဒီသတင်းကအမှန်ဖြစ်ကြောင်း ဒီတစ်ပတ်မှာ လေဒီဂါဂါက အတည်ပြုပြောကြားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂါဂါက ပေါင်ငွေ ၅၀၀,၀၀၀ အောက်မလျော့တဲ့တန်ဖိုးရှိနိုင်တဲ့ အသည်းပုံစိန်နဲ့ လက်စွပ်ကို ဝတ်ဆင်ထားပုံကို Instagram ဝက်ဘ်ဆိုက်မှာတင်ခဲ့ပါတယ်။ ဂါဂါဟာ ကမ္ဘာ့အဆိုတော်တွေထဲမှာ လူသိအများဆုံး လူပြောအများဆုံးအဆို တော်တစ်ယောက်ဖြစ်ပေမယ့် သူ့ချစ်သူ တေလာကိုတော့ လူသိနည်းပါတယ်။ ဒါကြောင့် မစ္စတာ ဂါဂါဖြစ်လာမယ့် မင်းသားတေလာရဲ့ အကြောင်းကို ပြောပြပေးချင်ပါတယ်။ တေလာဟာ ရုပ်ရည်ချောမောတဲ့လူငယ်တစ်ဦးဖြစ်ပြီး ကောလိပ်မှာ စီးပွားစီမံဘာသာရပ်ကိုသင်ယူနေရာကနေ တတိယနှစ်မှာ ဟာဝိုင်အီကိုပြောင်းရွှေ့ပြီး လက်သမားအလုပ်ကိုလုပ်ကာ လှိုင်းစီးသင်ယူခဲ့ပါတယ်။ ဒါပေမဲ့ ကောလိပ်မှာ စာသင်ခန်းပြင်ပ သရုပ်ဆောင်ပညာကို တီးခေါက်မိခဲ့တဲ့တေလာဟာ ၂၀၀၆ ခုနှစ်မှာတော့ သရုပ်ဆောင်ဘဝကို စတင်ဝင်ရောက်ခဲ့ပါတယ်။ Vampire Diaries ဆိုတဲ့ လူကြိုက်များတဲ့ ဆယ်ကျော်သက် ဒရာမာဇာတ်ကားဟာ သူ့ရဲ့အောင်မြင်မှုအရှိန်တာထွက်စတင်ရာဖြစ်ပြီး လတ်တလောမှာတော့ Chicage Eire ဆိုတဲ့ ဒရာမာဇာတ်လမ်းတွဲမှာ အဓိကမင်းသားအနေနဲ့ သရုပ်ဆောင်နေပါတယ်။ သူဟာ Zero Dark Thirty ဆိုတဲ့ အော်စကာဆုရ ဒရာမာမှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ ၂၀၁၁ ခုနှစ်က You & I ဆိုတဲ့ ဂါဂါရဲ့သီချင်းဗီဒီယိုရိုက်ကွင်းမှာ တေလာနဲ့ ဂါဂါတို့စတွေ့ခဲ့ကြပြီး တေလာက ဂါဂါစိတ်ဝင်စားတဲ့သူအဖြစ်သရုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီနောက် လပေါင်းအတော်ကြာပြီးမှ သူတို့ဟာ သီးသန့်ချိန်းတွေ့နေခဲ့ကြပြီး စုံတွဲပုံကို ဂါဂါက သူမရဲ့Twitter အကောင့်မှာတင်ခဲ့ပါတယ်။ တေလာဟာ ဂါဂါရဲ့ အကောင်းဆုံး သူငယ်ချင်းလည်းဖြစ်သလို အကြီးကျယ်ဆုံး ထောက်ခံအားပေးသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် လေဒီဂါဂါက 'ချစ်ကြိုက်ခဲ့တဲ့သူတွေထဲမှာ ကျွန်မက စင်ပေါ်မှာ သီချင်းဆိုတဲ့အခါ မျက်ရည်ကျတဲ့သူဆိုလို့ သူက ပထမဆုံးလူပဲ။ အကောင်းဆုံးသူငယ်ချင်းကို ချစ်သူထားခြင်းကလည်း အမြဲတမ်း အကောင်းဆုံး ပါပဲ' လို့ပြောကြား ခဲ့ပါတယ်။



## ချစ်သူများနေ့ကို အတူဖြတ်သန်းခဲ့တဲ့ ရီဟားနားနဲ့ လီယိုနာဒို

ကွဲသွားကြပြီလို့ သတင်းတွေထွက်ခဲ့တဲ့ တိုက်တန်းနစ်မင်းသား လီယိုနာဒို ဒီကာပရီယိုဟာ ပြီးခဲ့တဲ့ ချစ်သူများနေ့ကို နာမည်ကျော်လူမည်းအဆိုတော် ရီဟားနားနဲ့ အတူဖြတ်သန်းခဲ့တာက ဟောလီးဝုဒ်စတား အသိုက်အဝန်းအတွက်ရော ပရိသတ်များအတွက်ပါ စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ သူတို့တကယ်ကြိုက်နေကြပြီလားဆိုတဲ့ မေးခွန်းများလည်းထွက်ပေါ်လာခဲ့ပါတယ်။The New York Daily News ရဲ့ သတင်းအရ ဗယ်လင်တိုင်းနေ့မှာ သူတို့နှစ်ယောက်ဟာ ညသန်းခေါင်ကိုကျော်လို့ မနက် ၄ နာရီထိုးတဲ့အထိ NYC ကလပ်မှာ အတူရှိနေပြီး အဲဒီနောက် ဟိုတယ်တစ်ခုကို ဦးတည်သွားတာတွေ့ရတယ်လို့ဆိုပါတယ်။ သူတို့ကြားက အချစ်အကြောင်းကိုတော့ A စာရင်းဝင် နာမည်ကျော်များဖြစ်တဲ့ ရီဟားနားနဲ့ လီယိုနာဒိုတို့ကအတော်လေးကို နှုတ်ဆိတ်ထားကြပါတယ်။မကြာသေးခင်ကတော့ရီဟားနားဟာသူ့ကို တက်တူးတွေထပ်မထိုးတော့ဖို့ လီယိုနာဒိုက ကတိတောင်းတာကို ကတိပေးခဲ့ကြောင်းပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူမက လီယိုနာဒိုကိုသူမရဲ့မိသားစုနေထိုင်ရာအိမ်ကိုအလည်ဖိတ်ခေါ်ထားကြောင်း သိရပြီး ရီဟားနားက သူတကယ်မကြိုက်တဲ့သူကို မိသားစုနေရာအိမ်ကို တွေ့ဖို့မခေါ်ဘူးလို့ဆိုတာကြောင့် ရီဟားနားက လီယိုနာဒိုကို တကယ်ချစ်ကြိုက်နေပြီလို့ ပရိသတ်များက ယူဆနေကြပါတယ်။ လက်ရှိမှာလီယိုနာဒိုက အောင်မြင်စဲ အသက် ၄၀ အရွယ် သရုပ်ဆောင်ဖြစ်သလို ရီဟားနားကလည်း ၂၆ နှစ်အရွယ် ကမ္ဘာ့ကျော် ညို့အားပြင်းတဲ့ အဆိုတော်တစ်ဦးဖြစ်ပေမယ့် အသက်အားဖြင့် အတော်လေးကွာဟ နေတာကို တွေ့နိုင်ပါတယ်။








## အပေါ်ဗလာကျင်းပုံကြောင့် ဝေဖန်မှုတွေခံနေရတဲ့ ဆယ်လီနာဂိုမက်ဇ်

ကလေးအရွယ်ကနေ အောင်မြင်လာကြတဲ့ သရုပ်ဆောင်တွေကို သူတို့အရွယ်ရောက်လာတဲ့အထိ ပရိသတ်က ယခင်ကလိုပဲ ချစ်ခင်လိုကြပါတယ်။ ဒါပေမဲ့ လုံးဝအရှက်ကင်းမဲ့တဲ့ ဖျော်ဖြေမှုနဲ့ဝတ်စားဆင်ယင်မှုများဆီ ပုံစံပြောင်းလဲသွားတဲ့ မိုင်လေးဆိုင်းရပ်လို အဆိုတော်မလေးကြောင့် အားလုံးမျက်လုံးပြူးအံ့ဩခဲ့ကြရပါတယ်။ ယခုတစ်ဖန် အားလုံးက ချစ်ကြတဲ့ မင်းသမီးလေး ဆယ်လီနာဂိုမက်ဇ်က အပေါ်ပိုင်းဗလာနဲ့ V Magazine အတွက် မျက်နှာဖုံး ဓာတ်ပုံအရိုက်ခံလိုက်တာကြောင့် "Child Porn" နဲ့ ဆင်တူကြောင်း အတော့်ကို ဝေဖန်ခံလိုက်ရပါတယ်။ သူဟာအသက် ၂၂ နှစ်ရှိပြီဖြစ်ပေမယ့် ဒစ္စနေးဇာတ်လမ်းတွဲများ၊ သီချင်းများကတက်လာတဲ့ တခြားဆယ်ကျော်သက်သရုပ်ဆောင်တွေလိုပဲ ကလေးရုပ်မပျောက်သေးတဲ့ ၁၃ နှစ်အရွယ် ကျောင်းသူလေးပုံ ပေါ်နေတုန်းဖြစ်လို့ အဲဒီလိုဝေဖန်တာလို့ ဆိုကြပါတယ်။ ဆယ်လီနာဟာ ချစ်စရာကောင်းတဲ့ ဒစ္စနေးပုံစံထဲက ကွဲထွက်ချင်ပြီလို့ယူဆရပါတယ်။ ဆယ်လီနာဟာ လက်ရှိမှာတခြားတစ်ယောက်နဲ့တွဲနေပြီဖြစ်ပေမယ့် ၂၀၁၄ မှာလမ်းခွဲခဲ့တဲ့ အဆိုတော် ဂျက်စတင်ဘီဘာက သူ့ချစ်သူဟောင်းဆိုတဲ့စကားလုံးအစား သူ့ရဲ့ အချစ်ဦးလို့ V Magazine ကို တင်စားပြောခဲ့ပါတယ်။ ဆယ်လီနာက ဘီဘာနဲ့သူနဲ့ပတ်သက်ခဲ့သမျှခံစားချက်များကိုအဲဒီမဂ္ဂဇင်းကို ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီး "ကျွန်မထင်ပါတယ်။ ဒီနှစ်က တကယ့်ကို အံ့မခန်းနှစ်တစ်နှစ်ဖြစ်သွားမယ်လို့။ ကျွန်မဘဝမှာခံစားခဲ့ဖူးသမျှမှာ အကောင်းဆုံး ခံစားမိပါတယ်" လို့လည်း ယခုနှစ်သူ့ရဲ့ခံစားချက်ကို ဖွင့်ဟခဲ့ပါတယ်။







## မွေးနေ့မှာစီးရီးသစ်ထွက်ရှိမယ့်ဖြူဖြူကျော်သိန်း



ဖြူဖြူကျော်သိန်းဟာ ဖေဖော်ဝါရီ ၂၀ရက်နေ့က ကျင်းပတဲ့ ၂၀၁၄ မြန်မာ့ဂီတဆုပေးပွဲမှာ တစ်သက်တာ ဂီတဆုပေးအပ်မယ့် အစီအစဉ်ရဲ့ နောက်ခံသီချင်းကို သီဆိုပေးခဲ့ပါတယ်။ "မနှစ်က တော့ ပြည်ပရောက်နေလို့ ပွဲမတက်ဖြစ်ဘူး။ ဒီနှစ် အတွက်တော့ တစ်သက်တာ ဂီတ ထူးချွန်ဆု ဆိုတာကို မြန်မာသံဘက်က တစ်ယောက်၊ စတီရီယိုဘက်က တစ်ယောက်ပေးမယ်လို့ သိရ တယ်။ အဲ့ဒီတစ်သက်တာဆုအတွက်ပေးတဲ့အချိန်မှာဖွင့်မယ့်နောက်ခံသီချင်းလေးကို ဖြူဖြူဆိုပေးထားတယ်။ အဲ့ဒါက နောက်က အသံဖွင့်ပေးမှာပေါ့။ ဖြူဖြူကတော့ ဒီနှစ်လည်းမအားတာကြောင့်ပွဲ မတက်ဖြစ်ဘူး"လို့ ဖြူဖြူကျော်သိန်းက ပြောပါတယ်။ ဖြူဖြူကျော်သိန်းက သူ့ရဲ့ငါးခွေမြောက် တစ်ကိုယ်တော်စီးရီး 'နာမည်ကျန်နေရစ်မယ်'ကို သူ့ရဲ့ မွေးနေ့ဖြစ်တဲ့ ဧပြီလ ၂၂ရက်နေ့ မှာ စတင်ဖြန့်ချိမှာဖြစ်ကြောင်းကို "ဧပြီလ ၂၂ ဖြူဖြူရဲ့မွေးနေ့မှာ ဒီအခွေထွက်ဖို့ စီစဉ်ထားတယ်။ သီချင်း ၁၀ပုဒ်ပါမယ်။ အွန်လိုင်းကနေ အရင်ကြိုဖြန့်ခဲ့တဲ့ 'စစ်'သီချင်းလည်း ပါမယ်။ The Scare Rock Bandက တစ်ခွေလုံးရေးတစ်ခွေလုံးတီးပေးထားတယ်။ ဒီတစ်ခေါက်အခွေက တော့ လူငယ်ဂီတသမားတွေရဲ့အရေးအတီးတွေနဲ့ ဖြစ်တာကြောင့် ပရိသတ်အတွက် ထူးထူးခြားခြားဖြစ်မှာပါ"လို့ ပြော ပါတယ်။ ဖြူဖြူကျော်သိန်းက ၂၀၁၅ သင်္ကြန်အတွက် ဘေးရေးရွှေကျော်ကျော်စီစဉ်တဲ့ Water Party စီးရီးမှာလည်း သီချင်းတစ်ပုဒ်ပါဝင်သီဆိုထားပြီး ဒီနှစ်သင်္ကြန်ဘယ်မှာရှိမယ်ဆိုတာလောလောဆယ်တော့ မသေချာသေးကြောင်းလည်း ပြောပါတယ်။ ***

## ပါဝင်တဲ့ဇာတ်ဝင်ခန်းနည်းပေမယ့်တာဝန်ပိုကြီးပါတယ်လို့ပြောတဲ့ ရွှေသမီး







မြန်မာ - ထိုင်းနှစ်နိုင်ငံပူးပေါင်းရိုက်ကူးမယ့် TT & Donut ရုပ်ရှင်ဇာတ်ကားမှာ ရွှေသမီးက အထူးဧည့်သည်သရုပ်ဆောင်အနေနဲ့ ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်တာကြောင့် စိတ်လှုပ်ရှားမိကြောင်းကိုရွှေသမီးက

"ဒီဇာတ်ကားက ညီမအတွက် ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်တယ်။ ဇာတ်ဝင်ခန်းနှစ်ဆင်းနဲ့လောက်ပဲပါတဲ့အတွက် ပိုပြီးတာဝန် ကြီးတယ်။ စိတ်လည်း လှုပ်ရှားတယ်။ ပရိသတ်ကလည်း ဒီနှစ်ဆင်းနဲ့ပဲမြင်မှာဆိုတော့ညီမဘက်ကလည်း အကောင်းဆုံး ကြိုးစားသရုပ်ဆောင်မှာပါ။ ပါဝင်ခွင့်ရတဲ့အတွက်လည်း ပျော်ပါတယ်။ ကြိုတင်ပြီး လေ့လာစရာတော့ အများကြီးမရှိပါဘူး။ ညီမကိုပေးထားတဲ့ ဇာတ်ညွှန်းကိုတော့ သေချာဖတ်ဖြစ်ပါတယ်။ မျှော်လင့် ချက်ကြီးထားတာတော့ မရှိပါဘူး။ ညီမပါဝင်တဲ့ ဇာတ်ဝင်ခန်းကို သေချာ ကြိုးစားခဲ့တာကိုပရိသတ်မြင်စေချင်တယ်။ ပါဝင်တဲ့ဇာတ်ဝင်ခန်း နည်းပေမယ့် သေသေချာချာလေး စိတ်နှစ်ပြီး သရုပ်ဆောင်မှာပါ" လို့ ပြောပါတယ်။

ရွှေသမီးက အနုပညာဖျိုးခင်းက ညီအစ်မ ၃ယောက်စလုံးဆုံမယ့် ဇာတ်ကား ၂ကားကို ခန့်စည်သူ၊ နေတိုးတို့နဲ့ ရိုက်ကူးဖို့ရှိပြီး ရိုက်ကွင်းပေါ်မှာလည်း အစ်ကို ဆရာတွေက စကားပြောတာ၊ ဆိုတာနဲ့ သရုပ်ဆောင်ဟန်ပန်တွေပါ သင်ပေးကြောင်း ရွှေသမီးက ပြောပါတယ်။

နှိုင်းဝေယွင်
ဓာတ်ပုံ- ထက်လူ

TUESDAY.
FEBRUARY .24.
2015

SUPPLEMENT - A

af MEDIA GROUP
POPULAR MYANMAR
VOL.19, NO.8

# ပေါ်ပြူလာ

ညွှန်သည့်အဃ်ဒီတာ
ဦးတင်ဦးလေး

ခမ်းနားအိပ်မက် မျိုးဆက်အနုပညာ အလှဝတ်ပါနှင့် မြန်မာဂီတထူးချွန်ဆု

အထူးပြုအချပ်ပိုသတင်းလွှာ

## မြန်မာ့ဂီတဆုပေးပွဲ ၂၀၁၄ တွင် မြန်မာသံစဉ်များလည်း ထည့်သွင်းဆုချီးမြှင့်

အချပ်ပို F

## မြန်မာ့ဂီတဆုပေးပွဲ ၂၀၁၄ အတွက် အကဲဖြတ်မှတ်ချက်ပြုသူတို့ စကားသံ

အချပ်ပို J

## ၂၀၁၄ ဂီတဆုပေးပွဲအပေါ် ဂီတလောကသားတို့ရဲ့ စကားသံများ

အချပ်ပို O

## ဂီတထူးချွန်ဆုပေးပွဲအပေါ် ပရိသတ်တို့အမြင်

အချပ်ပို K

အောင်ထွန်း ✍

## လူငယ်နှင့် အခမ်းနားဆုံးပွဲ

အချပ်ပို D

## ကျော်ကျော်ပိုင်မှူးရဲ့ ဟီးရိုး

အချပ်ပို M





## မြန်မာသံစဉ်သီချင်း လက်ရွေးစဉ်စီးရီး စီစဉ်နေတဲ့ စိမ်းမိုမို

တေးသံရှင်စိမ်းမိုမိုက ၂၀၁၄ နှစ်ကုန်ပိုင်းမှာ အချစ်နွေမိုး ဆောင်းဆိုတဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ် မြန်မာ့ဂီတဆုပေးပွဲအတွက် မြန်မာသံစဉ်ဂီတဆုအကဲ ဖြတ်အဖွဲ့ဝင်ထဲမှာလည်း ပါဝင်ပါတယ်။စိမ်းမိုမို ပြုလုပ်ခဲ့တဲ့ အချစ်နွေမိုးဆောင်းဆိုတဲ့ တစ်ကိုယ်တော်ပွဲအောင်မြင်ခဲ့ခြင်းနဲ့ပတ်သက်ပြီး"ဒီပွဲလေးက အားလုံးရဲ့ကူညီမှုနဲ့အောင်မြင်သွားတာပါ။ ကျွန်မက အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် ကိုယ်တတ်တဲ့ အနုပညာနဲ့ ပရိသတ်တွေအတွက် တင်ဆက်ရပါတယ်။အခုဆိုရင် Myanmar Music Award မှာလည်း ဒီနှစ်ဆို မြန်မာအသံလေးတွေကို ပိုပြီးအားပေးလာတယ်။ ကျွန်မတို့အနေနဲ့လည်း မြန်မာလူမျိုးဖြစ်တဲ့အတွက် ကျွန်မစိတ်ထဲမှာလည်း မြန်မာမှုနဲ့ ပတ်သက်တဲ့တေးဂီတလေးတွေကို ပိုပြီးလုပ်ချင်လာပါတယ်။ ကိုယ့်ရဲ့ ပရိသတ်အတွက်လည်း အရင်က ကိုယ်ဆိုခဲ့တဲ့မြန်မာသံသီချင်းလေးတွေကို အမှတ်တရအနေနဲ့ လက်ရွေးစင်အခွေလေးပြန်ထုတ်ဖို့လည်းစီစဉ်ထားပါတယ်။ အဲ့ဒါလေးကိုလည်း မကြာမီမှာစပြီး အကောင်အထည်ဖော်ပါတော့မယ်"လို့ စိမ်းမိုမိုက ပြောပါတယ်။

မြန်မာ့ဂီတဆုပေးပွဲမှာလည်းမြန်မာသံဂီတဆု အကဲဖြတ်အဖွဲ့ဝင်ထဲမှာပါဝင်တဲ့စိမ်းမိုမိုက မြန်မာသံစဉ်သီချင်းတွေပေါ်မှာ အလေးထားပြီးဆုချီးမြှင့်တဲ့ အတွက်နောက်ပိုင်းထွက်ပေါ်လာမယ့်မြန်မာ သံစဉ်ဂီတမျိုးဆက်အတွက်အားတစ်ခုဖြစ်စေကြောင်းပြောပါတယ်။

P-054

## တေးရေး၊ တေးဆို ဘဝနှစ်ခုမှာ ပျော်ဝင်နေတဲ့ သိန်းလင်းစိုး



သိန်းလင်းစိုးဆိုတာက တော့ ဒီဘက်ခေတ် ထွက်ရှိလာတဲ့ Pop၊ R & B စီးရီးတွေမှာ တော်တော်များများ အတွေ့ရများတဲ့ တေးရေးတစ်ယောက်ဖြစ်ပြီး T- Virus ဆိုတဲ့ စီးရီး ကို ထွက်ရှိထားတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်ပါတယ်။ တေးရေးနဲ့ တေးဆိုမှာ ဘယ်ဘဝကို သိန်းလင်းစိုး ပိုမိုခုံမင်လဲဆိုတာကိုတော့. . .

"ကျွန်တော်က အရင်ကတည်းက တေးရေးအနေနဲ့လာတယ်။ တေးရေးအနေနဲ့လေး၊ ငါးနှစ်လောက်နေပြီးမှ သီချင်းဆိုတာဆိုတော့ လူတွေဆီမှာ တေးရေးအနေနဲ့ ပိုသိနေတယ်။ အဆိုအနေနဲ့ သိပ်မတွဲမိသေးဘူး။ တချို့ဆို နာမည်နဲ့လူနဲ့ မတွဲမိကြဘူး။ အရင်တုန်းကတော့ သူများအတွက် ရေးပေးရရင် ပျော်နေတာပေ့ါ။ နောက်ပိုင်းကျတော့ စိတ်နှစ်ခုဖြစ်နေတယ်။ သူများအတွက်လည်းရေးပေးချင်တယ်၊ ကိုယ်လည်းဆိုချင်တယ်။ သူများအတွက် ရေးပေးရတာကျတော့ ကော်မာရှယ်ဖြစ်တာရေးရတာပေ့ါ။ အဲဒါကျတော့ တာဝန်လည်းကြီးတယ်။ ကျွန်တော်က လုပ်ချင်တာ လုပ်မှပျော်တတ်တဲ့လူမျိုးဆိုတော့ ကိုယ်လုပ်ချင်တဲ့ပုံစံလေးတွေကို ကိုယ့်ဟာကိုယ်ဆိုရင်း၊ ဆိုရင်းနဲ့ ဆိုဖြစ်သွားတာ" လို့ သိန်းလင်းစိုးက ပြောပါတယ်။ "တချို့အသစ်တွေကျတော့ သီချင်းအပ်တဲ့အခါ ကျွန်တော့်ဆီမှ မဟုတ်ပါဘူး။ဘယ်သူ့ဆီအပ်အပ်သီချင်းပေါက်ချင်တယ်ဆိုပြီးအပ်တယ်၊ သီချင်းပေါက်တယ်ဆိုတာကံတရားနဲ့ဆိုင်သလို တေးရေး၊ တေးဆို၊ တီး တဲ့သူ အားလုံး၊ အားလုံး ပြည့်စုံမှသာဖြစ်မှာဆိုတော့ ကံမစပ်ရင် မပေါက်ဘူး။ ဒီအဆိုတော်တစ်ယောက်ရဲ့ အောင်မြင်ဖို့အချိန် မရောက်သေးရင် မဖြစ်ဘူး။ အဲဒါကို အသစ်တွေနားလည်ဖို့လိုတယ်။ အဲဒါကြောင့်နောက်ပိုင်းကိုယ်လက်တွဲနေကျ လူတွေနဲ့ပဲရေးဖြစ်တာများပါတယ်" လို့ သိန်းလင်းစိုးက ပြောပြီးဂီတလောကထဲမှာကျင်လည် နေတာဆယ်နှစ် ကျော်ဝန်းကျင်ရှိပြီဖြစ်ပြီး T.Virus ဆိုတဲ့ တစ်ကိုယ်တော်အခွေထွက်ရှိထားပြီး MTV အနေနဲ့မထွက်ဖြစ်တော့တဲ့ဒုတိယအခွေ ထွက်ရှိမှပဲ ပေါင်းပြီး MTVထွက်ရှိ မှာဖြစ်ပါတယ်။

မံမံ

## ဆန်ခါတင်စာရင်းထဲပါဝင်နေတာနဲ့တင် ဝမ်းသာပီတိဖြစ်မိကြောင်းဆိုတဲ့ X.BOX



ဖေဖော်ဝါရီ ၂၀ရက်နေ့ Myanmar Event Park မှာကျင်းပခဲ့တဲ့ Myanmar Music Award 2014 ဆုပေး ပွဲကြီးမှာ ဟစ်ဟော့ပ် အဆိုတော် X.Box လည်း ဖျော်ဖြေခဲ့ပါတယ်။ မြန်မာဂီတထူးချွန်ဆုပေးပွဲ မှာ ဖျော်ဖြေခဲ့တဲ့ X.Box ရဲ့ ခံစားချက်က "ပါဖောမန့်လုပ်တာကအစ ကျွန်တော်အသေးစိတ်သေသေချာ ချာတိုင်ပင်ပြီးတော့ လုပ်သွားပါတယ်။ ဒီပွဲမှာ ဆိုဖို့က တခြားရှိုးတွေမှာ ဆိုတာထက် တာဝန်လည်းကြီး သလို၊ ရင်လည်းပိုခုန်ဖို့ကောင်းပါတယ်"လို့ X.Box က ဆိုပါတယ်။

မိုးရာသီမြန်မာဂီတဆုပေးပွဲမှာ သွားရောက်ကြည့်ရှုခဲ့ပြီး ဂီတလောကသားတစ်ယောက်အနေနဲ့ ရှုမြင် သုံးသပ်ခဲ့ရတဲ့ X.Boxက မြန်မာဂီတထူးချွန်ဆုပေးပွဲ ၂၀၁၄ မှာဘာတွေ ပိုပြီးထူးခြားလာမလဲဆိုတာကို. . .

"စစ်မှန်တဲ့ အနုပညာရှင်တွေက ပေးတဲ့ စစ်မှန်တဲ့ဆုကို ရရှိတဲ့ အနုပညာရှင်တွေရဲ့ ဖန်တီးမှုက ပရိသတ်နဲ့ရော၊ ဂီတသမားတွေနဲ့ရော တိုက်ဆိုင်မှုတော်တော်များများ ရှိပါတယ်။ ကျွန်တော်လည်း မိုးရာသီကတည်းက အဒီပွဲမှာ ကြည့်ခဲ့ရတာ ဖြစ်တဲ့အတွက် ဆုရရှိသွားတဲ့ စီနီယာအစ်ကိုတွေ၊ အစ်မတွေကို ကြည့်ပြီးတော့ ရင်ခုန်ပါတယ်။ အဓိကကတော့ မိုးရာသီမှာ ဦးရွှေကိုယ်တိုင်လည်း ပရိသတ်တွေဘက်က ထောက်ပြတာတွေ ကြုံရပါတယ်။ မိုးရာသီမှာ လိုအပ်တဲ့ သင်ခန်းစာတွေကို ဒီဆောင်းရာသီမှာ ဖြည့်သွားပြီးတော့ ပိုပြီးကောင်းအောင် ကြိုးစားကြတယ်လို့ ကျွန်တော် ထင်ပါတယ်" လို့ X.Box က ပြောပါတယ်။

ဆောင်းရာသီအတွင်း ထွက်ရှိထားတဲ့ ၄ ခွေထဲက X.Box ရဲ့ 'အသစ်'သီချင်းက ဆောင်းရာသီ ဆန်ခါတင် ရက်ပ်သီချင်းတွေထဲမှာပါဝင်ခဲ့ပြီး ဆောင်းရာသီအတွင်းထွက်ရှိထားတဲ့ ရက်သီချင်းတွေနဲ့ပတ်သက်လို့ "ဒီဆောင်းရာသီမှာထွက်တဲ့ဟစ်ဟော့ပ်သီချင်းတွေက နည်းပါတယ်။ ကျွန်တော်တို့ 4 အယ်ဘမ်တို့ကိုဇေရဲ့ အယ်လ်ဘမ်တို့ထွက်ထားပါတယ်။ ဟစ်ဟော့ပ်သီးသန့်ချည်းပဲ ထွက်ထားတဲ့ အယ်လ်ဘမ်ကတော့ဒီဆောင်းရာသီမှာ ရှားပါးတယ်။ ကျွန်တော်တို့ ဒီ'4'အယ်လ်ဘမ်ဆိုရင်လည်းအရောလေးတွေများပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီဆောင်းရာသီထဲမှာ အတွဲခွေထွက်ထားတာ ဖြစ်တဲ့အတွက်ကြောင့်ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမျိုး ဖန်တီးထားတာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်သိတဲ့အတွက် ပရိသတ်ကြိုက်နှစ်သက်မှုပိုများလိမ့်မယ်လို့ ထင်ပါတယ်" လို့ X.Boxကဆိုပါတယ်။X.Box က သူ့သီချင်းကို ဆန်ခါတင်စာရင်းထဲမှာ ပါဝင်နေတာနဲ့တင်ကျေနပ်နေပြီဖြစ်ကြောင်း ပြောပါတယ်။

မျိုးဝေသင်




## ဂီတဆုပေးပွဲတွင် I Love Artist ဆု Voting အတွက် မိုးရာသီက အသုံးပြုသော အွန်လိုင်းစနစ် အစား ဖုန်း SMS စနစ်သို့ ပြောင်းလဲ အသုံးပြု

ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့ဂီတဆုပေးပွဲတွင် ပရိသတ်ရွေးချယ်သော I Love Artist ဆုအတွက် Voting စနစ်မှာ ယခင်ကျင်းပခဲ့သည့် မိုးရာသီဆုပေး ပွဲက အသုံးပြုခဲ့သော အွန်လိုင်း Voting စနစ်ထက် SMS ပေးပို့မှု စနစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ ကြောင်း သိရသည်။"ဒီတစ်ခေါက်မှာ ဖုန်း SMS စနစ်ကို ပြောင်းလိုက်တာက အရင် တုန်းကပွဲဆိုရင် I Love Artist အတွက် အင်တာနက်အွန်လိုင်းစနစ်အရ ကောက်ခံတယ်။ ဒါပေမဲ့အွန်လိုင်းကိုအသုံးပြုသူမြန်မာနိုင်ငံမှာရာနိုင်နှုန်းက တအား မများသေးဘူးဖြစ်တဲ့အတွက် ဥပမာ- မြန်မာသံကို တအားကြိုက်တဲ့ နယ်ကလူတစ်ယောက်က မြန်မာသံအဆိုတော်တစ်ယောက်ရစေချင်တယ်ဆိုရင် အွန်လိုင်းကပေးဖို့က ခက်တယ်။ အဲဒီလို တအားခက်လာမှာစိုးလို့ ဖုန်း SMS စနစ်ကို သုံးလိုက်တယ်။ ဒါက ဖုန်းမှာရှိတဲ့သူအားလုံးနီးပါးအတွက် အဆင်ပြေနိုင်တဲ့အတွက် ဒါကိုပြောင်းဖြစ်တယ်။ အဲဒီအတွက် ပိုပြီးနဲ့စပ်လာတဲ့အကြောင်းတရားတွေရှိမယ်လို့ထင်ပါတယ်" ဟု ဂီတ ဆုပေးပွဲကိုစီစဉ်သူ တေးရေးရွှေဂျော်ဂျော်ကပြောသည်။ ယခုတစ်ခေါက် ၂၀၁၄ ခုနှစ် ဂီတဆုပေးပွဲ I Love Artist ဆုအတွက် SMS Voting စနစ်အပေါ်တွင် ပရိသတ်အများအပြားလည်း စိတ်ပါဝင်စားမှုရှိကြပြီး ကိုယ်ချစ်သော အနုပညာရှင်များအတွက် ဖုန်းများမှတစ်ဆင့် SMS များပေးပို့၍ Vote များလည်းပေးခဲ့ကြပြီး ပရိသတ်များလည်းဆုစနစ်တွင် ပါဝင်ခဲ့သောပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

P- 054

## ၂၀၁၄ ခုနှစ် ဂီတဆုပေးပွဲမှာ သီချင်းသစ်နဲ့ဖျော်ဖြေမယ့် ဝေလ

တေးသံရှင်ဝေလက မြန်မာ့ဂီတဆုပေးပွဲရဲ့ မိုးရာသီဆုပေးပွဲမှာ အကောင်းဆုံး တေးသီချင်းဆုကိုမိတ်ကပ်မကြိုက်သောသီချင်းများနဲ့ ရရှိခဲ့ပြီး ယခုဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာကျင်းပမယ့် မြန်မာ့ဂီတဆုပေးပွဲ ၂၀၁၄ အတွက်လည်း ရင်ခုန်မှုကိုမေးမြန်းကြည့်တဲ့အခါ "ရင်ခုန်မှုတော့ ရှိပါတယ်။ ဒါပေမဲ့ ကိုယ်မရခဲ့ရင်တောင် ရတဲ့သူတွေအတွက် ဝမ်းသာအားရ လက်ခုပ်တီးမှာပါ။ မိုးရာသီမှာရခဲ့တဲ့ ဆုကလည်း ကိုယ့်အတွက် အားတစ်ခုဖြစ်ပါတယ်။ ဒီဆုရခဲ့တဲ့အတွက်တချို့မသိသေးတဲ့ ပရိသတ်တွေလည်း သီချင်းတွေရှာ နားထောင်ကြတယ်။ အရင်အခွေက သီချင်းတွေကိုပါ ပြန်ရှာပြီးနားထောင်ကြတဲ့ ပရိသတ်တွေ ရှိတယ်။ အဲဒီအတွက်လည်း ဝမ်းသာမိပါတယ်"လို့ဝေလကပြောပါတယ်။ ဝေလက ဖေဖော်ဝါရီ ၂၀ မှာကျင်းပမယ့် မြန်မာ့ဂီတဆုပေးပွဲ ၂၀၁၄ မှာတော့ Runner Band နဲ့အတူ 'အမိုက်မ' ဆိုတဲ့ သီချင်းသစ်တစ်ပုဒ်ကို သီဆိုဦးမှာဖြစ်ပြီး အခုလိုပွဲလမ်း သဘင်တွေမှာဝေလရဲ့ သီချင်းရွေးချယ်မှုပုံစံကိုလည်း "ဒီ 'အမိုက်မ' သီချင်းကအွန်လိုင်းက ဖြန့်ထားတာလည်း မကြာသေးဘူးဆိုတော့ဒီမှာဆိုဖြစ်တာပါ။ တခြားလူသိပြီးသားသီချင်း ထက်ထွက်ထားတာ မကြာ သေးတဲ့ သီချင်းမျိုးကို ဒီလိုပွဲတွေ မှာ ပိုပြီးဆိုဖြစ်ပါ တယ်" လို့ ဝေလက ပြောပါတယ်။

နုံနုံ



မိုးရာသီဂီတဆုပေးပွဲမှာ ဆုနှစ်ဆု ရရှိခဲ့တဲ့ ဝေလ




# ကျော်ကျော်ပိုင်မှူးရဲ့ ဟီးရိုး

"ကျွန်တော်ဂီတကို ဝါသနာပါလို့ သေချာကြိုးစားထားတဲ့စီးရီးပါ။ ပရိသတ်တွေအတွက် ကျွန်တော့်သီချင်းတွေက ကျေနပ်စရာဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်"လို့ ကိုယ်ရဲ့တေးသီချင်းစီးရီးအခွေအပေါ် ယုံကြည်ချက်အပြည့်နဲ့ပြောပြလာသူကတော့ သရုပ်ဆောင်လောကနယ်ပယ်မှာ နေရာတစ်ခုကို ခိုင်မာစွာ စိုက်ထူထားနိုင်ခဲ့တဲ့ ကျော်ကျော်ပိုင်မှူး ဖြစ်ပါတယ်။

ကျော်ကျော်ပိုင်မှူးဟာ ငယ်စဉ်အရွယ်ကတည်းက ဂီတအနုပညာအပေါ်ကို ဝါသနာကြီးရင့်ခဲ့သူတစ်ဦးဖြစ်ခဲ့ပေမယ့်လည်း အနုပညာ လောကနယ်ပယ်ကို တကယ်စတင်ခြေချနိုင်ခဲ့ရတာကတော့ သရုပ်ဆောင်အနုပညာအလုပ်နဲ့ပါ။ ဒါပေမဲ့လည်း ကျော်ကျော်ပိုင်မှူးက အနုပညာနယ်ပယ်အတွင်းမှာ လျှောက်လှမ်းချိန်ကြာလာတာနဲ့ အမှုသူတကယ်ဘာကို ပိုပြီးဖြစ်မြောက် အောင်မြင်ချင်တာလဲဆိုတာကို စဉ်းစားခဲ့ပြီးနောက် လွန်ခဲ့တဲ့ ၄နှစ်ကျော် လောက်ကနေစတင်ပြီး 'ဟီးရိုး' လို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော်တေးစီးရီး အယ်လ်ဘမ်ကို ပရိသတ်နဲ့စတင် ထိတွေ့ခွင့်ရဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်။

အဲဒီကြိုးစား အားထုတ်မှုတွေရဲ့ ရလဒ်ကောင်းအနေနဲ့ စုစုပေါင်းသီချင်းပုဒ်ရေ ၁၄ပုဒ်တိတိပါဝင်တဲ့ ဟီးရိုးလို့အမည်ပေးထားတဲ့ တစ်ကိုယ်တော်တေးစီးရီး အယ်လ်ဘမ်ကို ၂၀၁၅ဖေဖော်ဝါရီ ၂၂ရက်နေ့မှာတော့Bo Bo Music Production ကနေပြီး ထုတ်လုပ် ဖြန့်ချိပေးသွား တော့မှာဖြစ်ပါတယ်။

"ကျွန်တော် ဒီအခွေအတွက် အကောင်းဆုံးဖြစ်အောင်အားထုတ်ထားခဲ့ပါတယ်။ မကြိုက်မချင်း ပြန်ပြန်ဆိုတယ်။ စကားလုံးတစ်လုံးချင်းစီကအစ အရသာရှိအောင် သေချာလုပ်ထားပါတယ်။ ပရိသတ်ကို သေသပ်စွာနဲ့ ပြချင်တာမို့လည်း အခုလို အချိန်ကြာမြင့်သွားခဲ့ရတာပါ။ နားထောင်ကြမယ့်ပရိသတ်တွေလည်း ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်"လို့ ကျော်ကျော်ပိုင်မှူးက ဆိုပါတယ်။

ကျော်ကျော်ပိုင်မှူးရဲ့ 'ဟီးရိုး' သီချင်းအယ်လ်ဘမ်မှာပါဝင်တဲ့ သီချင်းတွေကိုတော့ သူ့ရဲ့ဆရာဖြစ်သူ တေးရေးရွှေဂျော်ဂျော်က အဓိကစီစဉ်ပေးခဲ့တာဖြစ်ပြီး နိုင်ငံတကာကမ်းထရီးသံစဉ်နဲ့ ပေါ့ပ်ဂီတသံစဉ်တွေနဲ့အတူ တေးရေးမြင့်မိုးအောင်၊ ရွှေဂျော်ဂျော်၊ ဇဝါ၊ Rခိုင်၊ အငဲ၊ ငယ်ဆုံးသစ်၊ ဖိုးကာ၊ ကျော်ခေါင်၊ ကျော်ဝင်းမင်းဆွေတို့ရဲ့ ကိုယ်ပိုင်သံစဉ်၊ ပေါ့ပ် ဂီတသီချင်းတွေ ပါဝင်မှာဖြစ် တယ်လို့ သိရပါတယ်။

ကျော်ကျော်ပိုင်မှူးကတော့ "ကျွန်တော်အဓိက အခြေခံထားတာတော့ ကျွန်တော့်စီးရီးပုံစံက ကမ်းထရီးစတိုင်ပေါ့။ ဒါပေမဲ့ ကမ်းထရီးရော့ခ်တို့၊ အင်ဒီးရော့ခ်တို့၊ နောက်ပြီးတော့ ပေါ့ပ်ရော့ခ်ပုံ စံမျိုးလေးတွေပါပါတယ်။ အဓိကကတော့ ကမ်းထရီးစတိုင်ပေါ့"လို့ ပြောပြပါတယ်။

ဒါ့အပြင်ကျော်ကျော်ပိုင်မှူးကတော့ အခုခေတ်စားနေတဲ့ Online Music စတိုးပေါ်ကနေ သီချင်းတွေ ရောင်းချတဲ့ပုံစံကိုလည်း စိတ်ဝင်တစားရှိနေတာမို့ ဆရာဖြစ်သူရွှေဂျော်ဂျော်နဲ့ တိုင်ပင်ပြီး အဲ့ဒီဘက်အပိုင်းကိုလည်း ဖြန့်သွားချင်သေးတယ်လို့ ဆို ပါတယ်။"ဘာဖြစ်လို့လဲဆိုရင် အခုနောက်ပိုင်း လူငယ်တွေအကုန်လုံးက အွန်လိုင်းကိုပဲ အသုံးပြုလာနေကြပြီ။ အဲဒီတော့ အွန်လိုင်းပေါ်ကနေသီချင်းရောင်းတာက ပိုပြီး တော့ အဆင်ပြေတာပေါ့၊ တကူးတက ဆိုင်မှာ သွားဝယ်နေစရာ မလိုတော့ဘူး။အဲဒီအတွက်ကြောင့်မို့ ကျွန်တော်က အဲဒီစနစ်ကို ကြိုက်တာ"လို့ ကျော်ကျော်ပိုင်မှူးက ဆိုပါတယ်။ကျော်ကျော်ပိုင်မှူးရဲ့ ဟီးနိုး တစ်ကိုယ်တော်တေးစီးရီးအယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၂၂ရက်နေ့မှာ ရန်ကုန်မြို့ရှိ Junction Square မှာ ပရိသတ်တွေနဲ့ တွေ့ဆုံကာ အခွေကို ဖြန့်ချိသွားမှာဖြစ်ပြီးကျော်ကျော်ပိုင်မှူးရဲ့ တစ်ကိုယ်တော် အခွေထဲမှာဖီးချားရင်းအနေနဲ့ ချမ်းချမ်းနဲ့ဝိုင်းစုခိုင်သိန်းတို့က သီဆိုပေးထားပါတယ်။



ပေါ်ပြူလာ ကာတွန်း

ကာတွန်းမောင်လင်း



ကာတွန်းမြကြာ





# မြန်မာဂီတထူးချွန်ဆုပေးပွဲ ၂၀၁၄၊ နွေရာသီနှင့် ဆောင်းရာသီ ရက်ပ်သီချင်းဆန်ခါ တင်စာရင်းများ

မြန်မာဂီတထူးချွန်ဆုပေးပွဲ ၂၀၁၄တွင် ချီးမြှင့်သော နွေရာသီ ရက်ပ်သီချင်းဆန်ခါတင်စာရင်းတွင် 9 Night အခွေထဲမှ ဂျေမီနှင့် ကြက်ဖတို့ သီဆိုသော 'ဂျင်းတွေထုည့်'၊ ပြောရင်းဆိုရင်းအခွေထဲမှ မိုးစက်နှင့် ဖီးချားရင်း ရသတို့ သီဆိုထားသော 'ပြည်တော်ပြန်'၊ 9 Night အခွေထဲမှပဲ ရန်ရန်ချန်းသီဆိုထားသော 'This is YC'၊ နှင့်ရသ၊ ဘိုလေး၊ ချမ်းအေးဝင်းတို့ Fire Cracker အဖွဲ့သားများ သီဆိုထားသော 'ရှေ့ယူလိုက်' သီချင်းများပါဝင်သည်။ ဆက်လက်ပြီး ဆောင်းရာသီရက်ပ်သီချင်းဆန်ခါ တင်စာရင်း၌ 4အခွေမှ ဟစ်ဟော့ပ်အဆိုတော် X Box ၏ 'အသစ်'၊ 'ဆွဲ'တေးစီးရီးမှ P.B.D Hood အဖွဲ့၏ Project X သီချင်း 'ဘကြီးဖြိုးနဲ့ ဦးနေဝင်း'အခွေ မှ Snare အဖွဲ့သီဆိုထားသော '၃၉ ဝိုက်ပူ'သီချင်း စိုင်းစိုင်းခမ်းလှိုင်၏ 'ဒိတ်ဒိတ်ကြဲ' တေးစီးရီးမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သအိုတို့ သီဆိုထားသော 'ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း' တို့ပါဝင်ကြောင်း သိရှိရသည်။

P-069



# အချစ်ဝို() ကမ္ဘာ့ထိပ်တန်းဂီတသုများမှ

Diamond Award ကို ၂၀၀၁ ခုနှစ်တွင် စတင်ပေးအပ်ခဲ့ရာ အယ်လ်ဘမ်သန်းတစ်ရာကျော်ရောင်းခဲ့ရသော အနုပညာရှင်ခြောက်ဦးပါဝင်ခဲ့သည်။ Rod Stewart (2001) , Mariah Carey (2003), Celine Dion (2004), Bon Jovi (2005, Micheal Jackson (2006) နှင့် The Beatles (2003) တို့ဖြစ်သည်။

၂၀၁၄ခုနှစ် ဧပြီလတွင် မြန်မာ အဆိုကျော် စိုင်းစိုင်းခမ်းလှိုင်သည် ကမ္ဘာကျော် အဆိုတော် Psy , So cent, 2 Chain 2, Pitbull, Jay 2, Justin Bieber, G-Dragon တို့နှင့် အတူ World Music Award မှ ချီးမြှင့်မည့် Best Male Artist , World Best Live Act နှင့် World's Best Entertainer ဆုများတွင် အမည်စာရင်းဝင်ခဲ့သည်။

နွေနီဝါမိုး

# ပခုက္ကူမြို့၌ ပတ္တမြားFM ၅နှစ်ပြည့် အမှတ်တရ တေးဂီတဖျော်ဖြေပွဲကျင်းပ





၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့(ပြည်ထောင်စုနေ့) ပခုက္ကူမိုးလုံ လေလုံအားကစားခန်းမကြီး၌ နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၂နာရီအထိ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် အားတီ၊ သားသား၊ နီနီခင်ဇော်၊ အိမ့်ချစ်တို့ အပြင် Black Diamond Dancer အဖွဲ့များနှင့် ပတ္တမြားFM ၅နှစ်ပြည့် အမှတ်တရ တေးဂီတဖျော်ဖြေပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ Main Sponsor အဖြစ် APACHEPORTLANDCEMENT က ပူးပေါင်းတင်ဆက်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရှိရသည်။

"ပတ္တမြား FM ပရိသတ်များအတွက် Padamyar FM Radio to live (DVD) Karaoke အခွေထုတ်တိုင်း မြို့ကြီးတွေမှာ ဖျော်ဖြေတင်ဆက်ပွဲတွေ ပြုလုပ်ပါတယ်။ မုံရွာ၊ မန္တလေး၊ မြစ်ကြီးနား၊ ရန်ကုန်မြို့တွေမှာ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၃နှစ်မြောက်မှာ တစ်နိုင်ငံလုံးရှိတဲ့ မျက်မမြင် ကျောင်းတွေကိုလည်း အလှူဒါန ကုသိုလ်ယူခဲ့ပါတယ်။ ကျွန်တော်တို့ ပတ္တမြား FM ကို ၂၀၀၉ခုနှစ် ဩဂုတ်လကစတင်ပြီး အောက်တိုဘာ ၁ရက်နေ့မှာ စတင်အသံလွှင့်ခဲ့ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပခုက္ကူမြို့ ပတ္တမြားFM လာရောက်သူတို့အား APACHE PORTLAND CEMENT မှ Handset (၅)လုံး ပတ္တမြားFM မှ Handset (၅)လုံး၊ EVD ၅လုံး၊ Lucky Draw အဖြစ် မဲဖောက်ပေးခဲ့ကြောင်း သိရှိရသည်။

"အခုမှဆိုတော့ ပခုက္ကူတစ်မြို့လုံး တစ်ခဲနက် စည်းကမ်းရှိစွာနဲ့ အားပေး ကြည့်ရှုခဲ့ကြပါတယ်"ဟုပခုက္ကူမြို့ခံ တစ်ဦးက ပြောသည်။ နေဦးဝေဘင်(ပခုက္ကူ)

# ဂီတဆိုတာ လူသားတိုင်းနဲ့ဆိုင်တယ်လို့ ဆိုလာတဲ့ နန်းတော်ရှေ့ဆရာတင်ရဲ့ မျိုးဆက် ဦးနန်းဝင်း



"ဂီတဆိုတာ လူသားတိုင်းနဲ့ ဆိုင်ပါတယ်။ အမေ့ဝိုက်ထဲက စထွက်လာကတည်းက အသံလေးတစ်ခုနဲ့ စထွက်လာခဲ့ကြတာပါ။ အသံမထွက်ရင် ကလေးဟာ ရှင်သလား၊ သေသလားဆိုပြီးတော့တောင် စိုးရိမ်နေကြတာပါ။ ကလေးရဲ့အသံဆိုတာကတော့ Melody မပါသော၊ မင်္ဂလာရှိသောအသံ၊ အူဝဲလို့အော်တဲ့အသံပါပဲ" လို့ ဂီတနဲ့ပတ်သက်ပြီး ပြောပြလာတဲ့သူကတော့ နန်းတော်ရှေ့ဆရာတင်ရဲ့ မျိုးဆက်သဘင်မင်းသားကြီး ဦးနန်းဝင်းပဲဖြစ်ပါတယ်။ နိုင်ငံရပ်ခြားက ဂီတတွေကိုကြည့်လိုက်ရင်လည်း အားလုံးသော ဂီတတွေ၊ အသံတွေက လွမ်းရင်လည်း လွမ်းတဲ့အသံ၊ ကြမ်းရင်လည်း ကြမ်းတဲ့အသံဖြစ်ပြီး အားလုံးက ဆင်တူတွေချည်းပဲဖြစ်ကြောင်း၊ အနုပညာရှင်မဟုတ်တောင်မှ ဂီတသံစဉ်တစ်ခုကို နားထောင်လိုက်ရုံနဲ့ ကောင်းခြင်း၊ မကောင်းခြင်းကိုတော့ ရင်ဘတ်ရှိတဲ့၊ နှလုံးသားရှိတဲ့လူတိုင်းက ဆုံးဖြတ်လို့ရပါကြောင်း ဦးနန်းဝင်းက ပြောပါတယ်။ အခုကျင်းပနေတဲ့ မြန်မာ့ဂီတဆုပေးပွဲကိုလည်း နန်းတော်ရှေ့ ဆရာတင်ရဲ့ မျိုးဆက်တစ်ဦးအနေနဲ့ ကြိုဆိုဂုဏ်ယူမိပါကြောင်း ဦးနန်းဝင်းကပြောပါတယ်။

"ဦးနန်းတို့အနေနဲ့ ဂီတမှာ မဟာဂီတ၊ ကာလပေါ်၊ စတီရီယို၊ အခုခေတ်ပေါ်ဂီတတွေ အကုန်လုံးကိုပါ လေ့လာရပါတယ်။ ဦးကိုယ်တိုင်က ဇာတ်မင်းသားဖြစ်တာက နောက်မှ၊ ဂီတသမားအရင်ဖြစ်တာပါ။ ကိုယ်ကိုယ်တိုင် ဂီတကိုမြတ်နိုးတဲ့အတွက် ဂီတနဲ့ပတ်သက်ပြီး ကြိုးစားတယ်။ သီချင်းတွေကို လေ့လာတယ်။ ဘယ်သီချင်းမျိုးဆို ဘယ်အက္ခရာမျိုးနဲ့ စရေးရမလဲဆိုတာမျိုးတွေကို နန်းတော်ရှေ့ဆရာတင်ရဲ့ မြေးတစ်ယောက်အနေနဲ့ လေ့လာထားပါတယ်" လို့ ဂီတနဲ့ ပတ်သက်ပြီး သူ့ရဲ့လေ့လာထားမှုကို ဦးနန်းဝင်းကပြောပါတယ်။ အခုခေတ်လူငယ်တွေရဲ့ ရက်ပ်စာသားတွေနဲ့ ပတ်သက်ပြီးလည်း သူ့အနေနဲ့ အံ့ဩချီးကျူးမိပါကြောင်း ပြောလာတဲ့ ဦးနန်းဝင်းက. .

"သူတို့တွေရဲ့ စာသားတွေကို နားထောင်ကြည့်လိုက်ရင် နဘေပါတယ်။ ကာရန်ပါတယ်။ ဒါကြောင့် အဲဒီကလေးတွေကိုလည်း ဦးနန်းအနေနဲ့ အပြည့်အဝထောက်ခံပါတယ်။ အကုန်လုံးသော တေးရေးဆရာတွေ တော်ကြပါတယ်။ ခေတ်ပေါ်တွေကိုလည်း လုပ်ကြပါ၊ နောက် ဦးနန်းတို့ရဲ့ မူရင်းဖြစ်တဲ့ မဟာဂီတကိုလည်း မေ့မပစ်ကြဘဲနဲ့ သ ၁ း ငယ်တို့၊ သမီးငယ်တို့ အနေနဲ့ ပစ်မထားကြဘဲနဲ့ တစိုက်မတ်မတ် လေ့လာပြီး အမြဲတမ်း လေ့လာလိုက်စားနိုင်ကြပါစေလို့ တိုက်တွန်းပါတယ်" လို့ ပြောပြပါတယ်။ လင်းအတ္တရာ

# မြန်မာ့ဂီတဆုပေးပွဲအပေါ်ဂီတလောကသားတို့စကားသံ

မြန်မာ့ဂီတလောက အပြောင်းအလဲများစွာထဲကမှ ၂၀၁၄ ခုနှစ်အတွင်းက စတင်သန္ဓေတည်ခဲ့တဲ့ မြန်မာ့ဂီတ ဆုပေးပွဲရဲ့ ၂၀၁၄ တစ်နှစ်တာ အကောင်းဆုံးဂီတဆုချီးမြှင့်ပွဲကိုတော့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပွဲမတိုင်မီက ဂီတလောကသားတို့ရဲ့ ဂီတဆုပေးပွဲအပေါ် ရင်ခုန်သံကိုလည်း တင်ဆက်လိုက်ပါတယ်။

**ဟဲလေး**

"သူငယ်ချင်းတွေ၊ ညီအစ်ကို မောင်နှမတွေ ဆုတွေရကြတာကို သွားရောက်အားပေးမှာပါ။ ဒီဘက်ခေတ် ညီငယ်၊ ညီမငယ်တွေက ကျွန်တော်တို့ထက် ကံကောင်းကြတယ်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် တိကျရေရာတဲ့ ပရိသတ်ကပေးတဲ့ ဆုမျိုးတွေရလာတဲ့ ခေတ်မျိုးပေါ့။ ပညာရှင်တွေက တိတိကျကျသတ်မှတ်တာမျိုး၊ ပရိသတ်တွေကသေသေချာချာသတ်မှတ်တာမျိုးတွေ ဒီလိုမျိုး၊ ဆုမျိုးတွေ ဖြစ်ပေါ်လာပြီဆိုတော့ ဝမ်းသာစရာ ကောင်းတယ်။ နိုင်ငံတကာနဲ့ ယှဉ်တဲ့ဆုမျိုးတွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်"

**သားစိုး**

"အဓိကကတော့ လူငယ်လူသစ်တန်းတွေအနေနဲ့ပိုပြီး ကြိုး စားဖို့လိုပါတယ်။ လူသစ်တန်းတွေ အခွေနဲ့လက်ရှိအောင်မြင်နေတဲ့ လူတွေအခွေနဲ့ယှဉ်ပြီး နားထောင်ကြည့်ရင် နည်းနည်းကွာဟနေတာတွေ့ရတယ်။ လူသစ်တန်းတွေအနေနဲ့ လူကြီးတွေရဲ့အကြံဉာဏ်တွေပိုယူသင့်တယ်ဆိုတာ ဒီပွဲအတွက် သီချင်းတွေ နားထောင်ရင်းနဲ့ တွေ့ခဲ့ရပါတယ်"

**သိန်းလင်းစိုး**

"ပြောရရင်တော့ အခုလိုဖြစ်သင့်နေတာ ကြာပါပြီ။ ရုပ်ရှင်လောကမှာဆို တစ်နှစ်တစ်ခါ အကယ်ဒမီပေးပွဲဆိုတာရှိတယ်။ ဂီတဆိုတာလည်း အနုပညာပဲဆိုတော့ ဒီအနုပညာအလုပ်လုပ်နေတဲ့ သူအားလုံးကို ထိုက်တန်တဲ့ ချီးမြှင့်ဂုဏ်ပြုအခမ်းအနားတွေ လုပ်ပေးသင့်တယ်ထင်ပါတယ်။ ပြီးတော့ ဒါက FM တွေမှာပေးတာဆိုရင် ဒီနေ့ခေတ် နာမည်ကြီးနေတဲ့သူတွေနဲ့ ပေါ်ပြူလာဖြစ်တဲ့သူတွေပဲ ရွေးပေးတာများတာပေါ့။ အခုဦးရွှေတို့ လုပ်တဲ့ ဆုပေးပွဲကတော့ Voting စနစ်လည်းပါတယ်။ ပေးသင့်တဲ့သူကိုပေးတယ်။ အသစ်ရယ်၊ အဟောင်းရယ်ခွဲမထားဘူး။ တကယ်တော်တဲ့သူကို တကယ်ပေးတဲ့အတွက် တအားသဘောကျဖို့ကောင်းပါတယ်။ ကလေးတွေနဲ့ ဥပမာပေးရင် စာသင်ခန်းထဲမှာ စာတော်တဲ့သူကို ဆရာ၊ ဆရာမတွေက ဆုပေးရင် ကလေးတွေလည်း ပိုကြိုးစားကြတယ်။ အနုပညာကတော့ အားလုံးက ဆုလိုချင်လို့မဟုတ်ဘဲ ဝါသနာအရ လုပ်ကြတာပါ။ သို့ပေမယ့် ကိုယ့်ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုမှုအနေနဲ့ ဒီလိုလေး ဂုဏ်ပြုတာ ကောင်းပါတယ်။ အခုနောက်ပိုင်းမှာ အားလုံးလည်း အနုပညာတစ်ခု လုပ်တဲ့အခါ ပိုပြီးဂရုတစိုက်နဲ့ လုပ်လာကြတာလည်းတွေ့ရပါတယ်"

**ပိုပို**

"ဂီတလောကသားတွေအတွက် ခုလိုမျိုးအသိအမှတ်ပြုချီးမြှင့်ပေးတာ ဝမ်းသာမိပါတယ်။ ပထမတစ်ခေါက်လုပ်တဲ့ မိုးရာသီဂီတဆုပေးပွဲမှာ ပိုပိုက နယ်ရောက်နေလို့ မတက်ရောက်ဖြစ်ခဲ့ဘူး။ အဲဒီတုန်းက ပထမဆုံးဆိုတော့ ဒီဆုပေးပွဲကို သေသေချာချာ မသိခဲ့လို့ Vote စနစ်နဲ့ မပေးတာတောင်မှ ဘယ်လိုပုံစံနဲ့ ပေးရမလဲဆိုတာကို ပိုပိုမသိခဲ့ဘူး။ အခု ဒီတစ်ခေါက်မှာတော့ အရင်ကထက်စာရင် ဂီတလောကသားတွေရော၊ ပရိသတ်တွေပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာတဲ့အတွက် အရင် တစ်ခေါက်ထက် ပိုမို ကောင်း မွန်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ပြီးကျတော့ ဒီဆုပေးပွဲက တစ်နှစ်စာလုံးအတွက်ပေးတာဖြစ်တော့ ပိုမိုကြီးကျယ် ခမ်းနားပါတယ်။ ပိုပို ဒီတစ်ခေါက်မှာတော့ ဘာမှမလိုဘူးဆိုတဲ့ သီချင်းကို ပါဝင်ဖျော်ဖြေပါမယ်။ ဆုအနေနဲ့ကတော့ ရာသီအလိုက်မှာ ပိုပို့အခွေပါဝင်မှာ မဟုတ်ပေမယ့် တစ်နှစ်လုံးစာဆိုရင်တော့ ပိုပို့ရဲ့ 'ချစ်ဖူးခဲ့သမျှ' အခွေပါဝင်ပါတယ်။ ဆုကတော့ ပရိသတ်တွေပေးရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒီလိုမျိုး ဂီတဆုပေးပွဲကြီးကျင်းပ ပြုလုပ်နိုင်ဖို့အတွက် ဂီတလောကသားတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။

**ဇေရဲ**

"ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုမျိုး ဂီတဆုပေးပွဲကြီး ပေါ်ပေါက်လာတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်။ ပရိသတ်တွေအနေနဲ့လည်း ကိုယ်ချစ်တဲ့ အဆိုတော်ကို Vote ပေးလို့ရသလို အနုပညာရှင်တွေအနေနဲ့လည်း ကိုယ့်ကို ပရိသတ်တွေ ဘယ်လောက်ချစ်သလဲဆိုတာကို သိခွင့်ရတဲ့အတွက် ဒါဟာ ကောင်းမွန်တဲ့အရာတစ်ခုပါ။ ခုလိုမျိုး ဆုပေးပွဲကြီးပေါ်ပေါက်လာတဲ့အတွက် ကျွန်တော်တို့တွေ အနေနဲ့လည်းရှေ့ဆက်လျှောက်ရမယ့် ဂီတလမ်းခရီးမှာ ကြိုးစားချင်စိတ်တွေ၊ အားတွေ ပိုမိုဖြစ်ထွန်းလာစေပါတယ်။ မြန်မာဂီတထူးချွန်ဆုပေးပွဲမှာကျွန်တော့်ရဲ့ I,Me, My , Mine အခွေကို Vote ပေးထားတယ်ဆိုပြီး ပြောကြတဲ့ ပရိသတ်တွေကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော Myanmar Music Award ဂီတဆုပေးပွဲကြီးဟာ ဂီတလောကအတွက်၊ ဂီတလောကသားတွေအတွက်၊ ဂီတချစ်ပရိသတ်တွေ အတွက် အကျိုးကျေးဇူးတွေ ၊ ချစ်ခင်ရင်းနှီးမှုတွေ များစွာ ရရှိနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။



